The Agribiz News
www.agribiznews.com.mm
ယနေ့ စိုက်ပျိုး သတင်း
e-Paper-0031
၂၀၂၅ ခုနှစ် ဧပြီ ၁ ရက်



# နေပြည်တော်စနစ်ကျလယ်ယာမြေဖော်ထုတ်ရေးဧရိယာများတွင် သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေး စီမံဆောင်ရွက်

နေပြည်တော်၊ မတ် ၂၆

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မတ် ၂၆ ရက်နေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အတူ ဇေယျာသီရိမြို့နယ် နေပန် လပန် စနစ်ကျလယ်ယာမြေအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နေပြည်တော် စနစ်ကျလယ်ယာမြေ ဖော်ထုတ်ဧရိယာများတွင် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ညှိနှိုင်းဆွေးနွေးသည်။**

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာတွင် စိုက်ပျိုးမြေတစ်ဧကချင်း၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက ဘဏ္ဍာငွေကြေးများ အသုံးပြု၍ ဒေသအလိုက် စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ပေးလျက်ရှိကြောင်း၊ မူလ သမားရိုးကျ စိုက်ပျိုးထုတ်လုပ်မှုထက် သီးနှံအထွက်နှုန်းတိုးတက်ရေး၊ သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေးအတွက် စနစ်ကျလယ်ယာမြေ ဖော်ထုတ်ဧရိယာများတွင် မိမိတို့ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စိုက်ပျိုးရေး ပညာရှင်ဝန်ထမ်းများက မျိုး၊မြေ၊ရေနှင့် နည်းပညာ လိုအပ်ချက်များကို အနီးကပ်ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ရန် ဖြစ်ကြောင်း၊ သီးနှံပုံစံအလိုက် ပန်းတိုင်အထွက်ရရှိစေရန် မြေဆီလွှာစမ်းသပ်စစ်ဆေးပေးခြင်း၊ သွင်းအားစု မြေဩဇာထောက်ခံချက်ပေးခြင်း၊ သီးနှံမျိုးကောင်း မျိုးသန့်သုံးစွဲနိုင်ရေးနှင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာများကို ဆိုင်ရာပညာရှင်များစုဖွဲ့၍ အနီးကပ်ကြပ်မတ် ဆောင်ရွက်ပေးခြင်းဖြင့် တစ်နှစ်ပတ်လည်စိုက်ပျိုးမှုသိသိသာသာတိုးတက်လာစေရေး ကြိုးပမ်းကြရန်ဖြစ်ကြောင်း၊ ပညာရှင်အရင်းအမြစ် ပြည့်စုံသည့် နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ စိုက်ပျိုးမြေများအားလုံး ၏ သီးနှံများဖြစ်ထွန်းအောင်မြင်မှုနှင့် စိုက်ပျိုး ထုတ်လုပ်နိုင်မှုကို တိုင်းဒေသကြီး ပြည်နယ်များမှ တောင်သူများအား စံနမူနာပေးနိုင်သည်အထိ ကြိုးပမ်းသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ကွင်းဆင်းကြီးကြပ်ပညာပေးဝန်ထမ်းများ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် ဆက်စပ်ဦးစီးဌာနများက ဟန်ချက်ညီ ပံ့ပိုးကူညီသွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)နှင့် နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ ကွင်းဆင်းကြီးကြပ်ပညာပေးအဖွဲ့ဝင်များနှင့်အတူ နေပန်လပန် စနစ်ကျလယ်ယာမြေအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး တောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များမေးမြန်းဆွေးနွေးကြသည်။

ဇေယျာသီရိမြို့နယ်တွင် ဖော်ထုတ်ပြီးစီးပြီဖြစ်သည့် နေပန် လပန်

စာ-၂ သို့

စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းဆိုသည်မှာ..... စာ-၈

ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်ဖြင့်သိုးဆိတ်မွေးမြူဖို့.... စာ-၁၆

# ဥပဒေအသိပညာဖြန့်ဝေခြင်းဆင့်ပွားသင်တန်းအမှတ်စဉ်(၃) ဖွင့်လှစ်

နေပြည်တော်၊ မတ် ၂၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာဖြန့်ဝေခြင်း ဆင့်ပွားသင်တန်း အမှတ်စဉ်(၃) ကို မတ် ၂၄ ရက် နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ် ၃၆ ၌ ကျင်းပပြုလုပ်ရာ ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် နှင့် ဌာနတာဝန်ရှိသူများ၊ ဥပဒေအသိပညာ ဆင့်ပွား ဖြန့်ဝေပေးကြမည့် သင်တန်းနည်းပြများ၊ နိုင်ငံ့ဝန်ထမ်း သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက သင်တန်းဖွင့်အမှာ စကားပြောကြားရာတွင် စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာလုပ်ငန်းစဉ်များကို ကဏ္ဍအသီးသီးမှ အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ကြ စေရေးအတွက် လုပ်ငန်းခွင်ဆိုင်ရာ အရည်အသွေးမြင့် သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက် ရှိသကဲ့သို့ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို နိုင်ငံ့ဝန်ထမ်းတိုင်း ထဲထဲဝင်ဝင် သိရှိနားလည်ပြီး တိ တိ ကျ ကျ လို က် နာ နို င် ရေး အတွက် အသိပညာ ဖြန့်ဝေခြင်း သင်တန်းအဖြစ် ယခုသင်တန်းကို မိမိတို့ဝန်ကြီးဌာန၏ အစီအစဉ်နှင့် ဖွင့်လှစ် ခြင်း ဖြစ်၍ ကြိုးစားလေ့လာသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဥပဒေအသိပညာဖြန့်ဝေခြင်း ဆင့်ပွားသင်တန်း အမှတ်စဉ်(၃)ကို ဆက်လက်ကျင်းပရာ အရာထမ်း ၃၆ ဦး တက်ရောက်လေ့လာလျက်ရှိကြသည်။ မတ်၂၄ ရက်နေ့မှ ဧပြီ ၇ ရက် နေ့ထိ ရက်သတ္တ ၂ ပတ်ကြာ ပို့ချသည့် အဆိုပါသင်တန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သိကောင်းစရာများ၊ နိုင်ငံ့ဝန်ထမ်း ဥပဒေနှင့် နည်းဥပဒေများ၊ Contract Business Laws စသည့် ဥပဒေများအပြင် နိုင်ငံ့ဝန်ထမ်း အရာထမ်းများ မဖြစ်မနေသိထားသင့်သော ဥပဒေ(မူကြမ်း) ရေးဆွဲခြင်း၊ ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) ရေးဆွဲခြင်းဆိုင်ရာ၊ တဆင့်ခံဥပဒေ (မူကြမ်း) ရေးဆွဲခြင်းဆိုင်ရာ သိကောင်းစရာများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ၊ စီးပွားရေး စာချုပ်စာတမ်း ချုပ်ဆိုခြင်းဆိုင်ရာ နှင့် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများချုပ်ဆိုရာတွင် သတိပြု လိုက်နာရမည့် အချက်များကို ပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။




MOALI

# အင်းလေးကျွန်းမျော ခရမ်းချဉ်စိုက်ခင်းများ စတင်ထွက်ရှိ အရောင်းအဝယ်ကောင်းနေ

ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေး ကျွန်းမျောစိုက်ခင်းများတွင် စိုက်ပျိုးထားသည့် ခရမ်းချဉ်သီးများ ရိတ်သိမ်းရာသီသစ် ပြန်လည်စတင်နေပြီဖြစ်ပြီး အရောင်းအဝယ်လည်း ကောင်းမွန်လျက် ရှိသည်။

ခရမ်းချဉ်သီးများကို အင်းလေး ဒေ သ တွ င် အ င်း သီး ဟု ခေါ် ကြ ပြီး အခြားဒေသထွက် ခရမ်းချဉ်သီး မျိုးစိတ်များထက် ရောင်းအားကောင်းပါသည်။



ယခု ကျွန်းမျော စိုက်ခင်းများမှ ခရမ်းချဉ်သီးထွက်ရှိမှုများပြီး အခြားခရမ်းချဉ်သီးများထက် ဈေးအနည်းငယ် မြင့်ကြောင်း၊ အင်းလေးဒေသရှိ ခရမ်းချဉ်သီးများကို အင်းသီး သို့မဟုတ် ကျွန်းမျောသီးဟု ခေါ်ကြောင်း၊ အင်းလေးခရမ်းချဉ်သီးများသည် အခြားခရမ်းချဉ်သီးများထက် ဈေးပိုရောင်းရကြောင်း ညောင်ရွှေမြို့နယ် မိဘမေတ္တာခရမ်းချဉ်သီး လက်ကားရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောပါသည်။

ခရမ်းချဉ်သီးများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မှာယူမှုများရှိပြီး မန္တလေးသည် အဓိကဝယ်ယူကြောင်း သိရသည်။

ခရမ်းချဉ်သီးများကို တိုင်းဒေသအသီးသီးမှ မှာယူကြကြောင်း၊ ရန်ကုန်မှတဆင့် ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီးများကိုလည်း ဖြန့်ကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းသည် ဈေးကွက် ပိုကျယ်ကြောင်း သိရှိရသည်။

**ဟေမာန်အောင်မင်း**

https://www.gnlm.com.mm/inles-floating-garden-tomato-production-starts-trade-is-fine/

**မျက်နှာဖုံးမှ-**

စနစ်ကျလယ်ယာမြေ တွင် နှမ်းပင်များစိုက်ပျိုးထားရှိပြီးဖြစ်ရာ စိုက်ပျိုးရေး ဦးစီးဌာနမှ မြေမျိုးပိုးတာဝန်ခံများနှင့် သက်ဆိုင်ရာ ကွင်းဆင်းကြီးကြပ်ရေး အဖွဲ့များဦးဆောင်သော ပညာပေးဝန်ထမ်းများက နှမ်းစပါး ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ နည်းပညာပေးခြင်း၊ စိုက်ဧကအလိုက် စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန် ကို မျိုးကွဲအလိုက် သတ်မှတ်ခြင်း၊ စိုက်ပျိုးမည့် သီးနှံမျိုးကောင်းမျိုးသန့်များ ရရှိရေး၊ မြေဆီလွှာ ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခြင်း၊ သဘာဝ မြေဩဇာပြုလုပ်သုံးစွဲရန် နှင့် ဓာတ်မြေဩဇာ အချိန်ကိုက်အချိုးကျသုံးစွဲနိုင်ရန် အကြံပြု ထောက်ခံချက်ပေးခြင်း၊ စိုက်ပျိုးရေစနစ်တကျအသုံးပြုနိုင်စေရန် ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်း အပါအဝင် စိုက်ပျိုးနည်းပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

MOALI

# ၂၀၂၅ ခုနှစ် ဧပြီ လပတ် မိုးလေဝသအခြေအနေ



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း ၂ ကြိမ် ဖြစ်ပေါ်နိုင်ပြီး ၁ ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် အဖြစ်သို့ရောက်ရှိနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပါသည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည် နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်း ပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၀ ရက်မှ ၁၅ ရက်ခန့်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် ၆ ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၁ ရက်မှ ၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

## နေ့အပူချိန်

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ဧပြီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက်ပိုနိုင်ပြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင် ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ဧပြီလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၅ ပေခွဲမှ ၈ ပေခန့်၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၄ ပေမှ ၅ ပေခွဲခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်ပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၂ ပေမှ ၄ ပေခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်ပါသည်။

ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တွင် ၂ ပေမှ ၃ ပေခန့်၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၁ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူနှင့် မဒေါက်မြို့တွင် ပေဝက်မှ ၂ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူနှင့် ပဲခူးမြို့တွင် ပေဝက်မှ ၁ ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၂ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်း၊ သာပေါင်းနှင့် ပုသိမ်မြို့တို့တွင်၁ ပေမှ ၁ ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၂ ပေခွဲခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်ပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

Agribiz News ပြည်တွင်းသတင်း www.agribiznews.com.mm
တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်
အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)
ထုတ်ဝေသူ
ဒေါက်တာအောင်ဇံထွေး
(မြဲ-၀၀၄၁၀)
လိပ်စာ
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့်
ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂

# တောင်ငူတွင် ရာသီအစောပိုင်း ရင့်မှည့်သော မရမ်းချိုသီးများ ရောင်းအားကောင်းနေ

**တောင်**ငူမြို့နယ်တွင် ရာသီပေါ်မရမ်းချိုသီးများ ရောင်းအားကောင်းနေကြောင်း သစ်သီး ရောင်းချသူများထံမှ သိရှိရသည်။ တောင်ငူတွင် လတ်လတ်ဆတ်ဆတ် ခူးဆွတ်ထားသော မရမ်းချိုသီးများ ဝယ်ယူရရှိနိုင်သည်မှာ တစ်ပတ်ခန့်ရှိနေပြီး ဝယ်ယူလိုသူ အများအပြား ရှိနေသည်။

တောင်ငူတွင် မရမ်းချိုသီးများ လာမည့်သီတင်းပတ်နှစ်ပတ်အတွင်း လှိုင်လှိုင်ထွက်ရှိမည်ဖြစ်သည်။ စားသုံးသူများကလည်း အသီး၏ အရသာကို ကြိုက်နှစ်သက်ကြကြောင်း သိရသည်။ "ရာသီပေါ်သီးနှံဖြစ်သည့် မရမ်းသီးကို ဝယ်လိုအားများသည်မှာ ပုံမှန်ဖြစ်ကြောင်း" တောင်ငူမြို့နယ်ရှိ ဒေသထွက်သီးနှံများ ရောင်းဝယ်နေသူ မမယ်ငြိမ်းမှ ပြောကြားသည်။

တောင်ငူဒေသတွင် မတ်လသည် မရမ်းသီးရာသီဖြစ်ပြီး၊ ဧပြီလသည် လိုင်ချီးသီးနှင့် မေလသည် မင်းဂွတ်သီးနှင့် ဒူးရင်းသီး ရာသီဖြစ်ပါသည်။ မရမ်းချိုသီးသည် တောင်ငူဒေသထွက် အသီးတစ်မျိုးဖြစ်ပြီး အရသာက ချိုကြောင်း၊ လက်ရှိတွင် ဝယ်လိုအားများနေပြီး မကွေးမြို့မှ မှာယူမှု များပြားကြောင်း သိရှိရသည်။

လင်းလဲ့ရည်အောင်

https://www.gnlm.com.mm/early-sweet-marian-plum-sells-well-in-toungoo/#article-title



# ရှားနေကြာမျိုးများအပါအဝင် ပြည်ပနေကြာမျိုးများ၏ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်ရိတ်သိမ်း

ပြည်ပမှ အသစ်တင်သွင်းသော နေကြာ ၉ မျိုးအပါအဝင် မျိုးယှဉ်ပြိုင် စမ်းသပ်စိုက်ပျိုးထားသည့် ပြည်ပနေကြာမျိုးများ ရိတ်သိမ်းခြင်းကို မတ်လ တတိယပတ်က နေပြည်တော်၊ ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေး ဆိုင်ရာ အလေ့အကျင့်ကောင်း(GAP)စံပြစိုက်ကွင်း၌ဆောင်ရွက်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဌာနတာဝန်ရှိသူများ၊ နေပြည်တော် ၈ မြို့နယ်မှ စိုက်ပျိုးနည်းပညာပေး ဝန်ထမ်းများ၊ နေကြာစိုက်တောင်သူ ၅၀ ဦး တို့ ကွင်းဆင်း ကြည့်ရှု လေ့လာကြသည်။



ဒုတိယဝန်ကြီးက နေကြာသီးနှံနှင့် နှင့် စပ်လျှည်း၍ သိမှတ်ဖွယ်ရာများ ရှင်းလင်းပြောကြားရာတွင် စက်ကိရိယာများနှင့်ကာလကြာရှည်စွာ ထွန်ယက်စိုက်ပျိုး ခြင်းကြောင့် ဖြစ်ပေါ်လာသော ကျပ်တည်းလွှာရှိသည့်စိုက်ပျိုးမြေတွင် အမြစ်ဆင်းအား ကောင်းမွန်သည့် နေကြာသီးနှံ စိုက်ပျိုးပေးခြင်းဖြင့် မြေဆီလွှာများ ပြုပြင်ရန် များစွာ အသုံးဝင်ပါကြောင်း၊ နေကြာသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာရေးအတွက် ဆီထွက်သီးနှံနေကြာ မျိုးစေ့လိုအပ်ချက် ဖြည့်တင်းပေးနိုင်ရန် တောင်သူများ ကိုယ်တိုင် မျိုးစေ့ထုတ်လုပ်ငန်းတွင် ပူးပေါင်းပါဝင်ကြစေလိုကြောင်း၊ စပ်မျိုး နေကြာစိုက်ပျိုးခြင်းအပြင် သဘာဝဝတ်မှုံကူးမျိုး ဆင်းရွှေကြာ (၂)မျိုးသည်လည်း အထူး အရေးပါကြောင်း၊ တောင်သူများကိုယ်တိုင် မျိုးစေ့ထုတ်နိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် နည်းပညာပေးခြင်းကို အထူးအလေးပေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆင်းရွှေကြာ-၂ မျိုးအား နှစ်စဉ် စံပွင့်ရွေးချယ်မျိုးခံ စိုက်ပျိုးသည့်အလေ့အထအား တောင်သူများ လက်တွေ့ အသုံးချ ဆောင်ရွက်နိုင်ရေး နှင့် မျိုးမြှင့်တင်ခြင်းလုပ်ငန်းအား မိမိတို့ဝန်ကြီးဌာနက တွန်းအားပေး ဆောင်ရွက်လျက်ရှိရာ တာဝန်ရှိသူ အဆင့်ဆင့်က နေကြာသုတေသနဖွံ့ဖြိုးရေးနှင့် မျိုးစေ့စီးဆင်းမှုစနစ် မှန်ကန်ကောင်းမွန်ရေး တွန်းအားပေး ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

၎င်းနောက် မျိုးယှဉ်ပြိုင် စမ်းသပ်ကွက် တာဝန်ခံက ပြည်ပမှ အသစ်တင်သွင်းသော နေကြာ ၉ မျိုး စံကွက်ရိတ်သိမ်းမည့် အစီအစဉ်များအား ရှင်းလင်း ပြသပြီး နေကြာမျိုး ၉ မျိုး အနက် နေကြာမျိုး ၈ မျိုးအား စံကွက်ရိတ်သိမ်းခြင်းကို လက်တွေ့ ပြသကြသည်။ ဆက်လက်၍ တောင်သူများအား စိုက်ကွင်းအတွင်း ရိတ်သိမ်းရန် အသင့် ဖြစ်နေသည့် နေကြာစိုက်ခင်းတစ်ခင်းခြင်းကို ပြသပြီး တောင်သူများသိရှိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

MOALI

---

## ကွမ်းရွက်ဈေးများကျဆင်းနေသော်လည်း ဧပြီလတွင် ပြန်လည်မြင့်တက်လာရန် မျှော်မှန်းထား

ယခုလတွင် ကွမ်းရွက်ဈေးသည် ကျဆင်းခဲ့သော်လည်း ဧပြီလတွင် ပြန်လည်မြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။ ကွမ်းရွက်ဈေးများကျဆင်းခဲ့သော်လည်း ကွမ်းသီးဈေးနှုန်းမှာ မြင့်တက်ခဲ့ ပါသည်။ ကျောက်ဆည်မြို့နယ်မှ ကုန်သည်များ၏ပြောကြားချက်အရ ကွမ်းရွက်ရောင်းဝယ်မှုသည် ယခင်နှစ်က လွန်စွာကောင်းမွန်ခဲ့သော်လည်း ယခုနှစ်တွင် ကျဆင်းသွားကြောင်း သိရသည်။

လက်ရှိတွင် ဈေးနှုန်းလွန်စွာ ကျဆင်းနေသော်လည်း ဧပြီလတွင် သေချာပြန်တက်လာမည် ဖြစ်ပါသည်။ "ကျွန်တော်တို့ရဲ့ ကျောက်ဆည်ကွမ်းရွက်ကို တစ်နိုင်ငံလုံးတွင် အသုံးပြုပါတယ်" ဟု ကျောက်ဆည်မြို့မှ ကုန်သည်တဦးက ပြောသည်။

ဇန်နဝါရီလတွင် ထွက်ရှိသော ကွမ်းရွက်များသည် နူးညံ့၍ တာရှည်အထားခံသည်ဟု ကျော်ကြားသဖြင့် ကျောက်ဆည်၏ ကွမ်းရွက်ရောင်းဝယ်မှုမှာ ကောင်းမွန်ပြီး တာချီလိတ်၊ တောင်တွင်းကြီး၊ မကွေးနှင့် တောင်ကြီးမြို့တို့မှ မှာယူမှုများရှိပြီး အဆိုပါမြို့နယ်များအနက် တောင်တွင်းကြီးမြို့နယ်၏ မှာယူမှုမှာ အများဆုံးဖြစ်ကြောင်း သိရှိရသည်။

ဖုန်းမြတ်ဝင်းမောင်မောင်

https://www.gnlm.com.mm/betel-leaf-price-falls-but-anticipates-to-increase-back-in-april/



# မကွေးတိုင်းဒေသကြီးစိုက်ပျိုးရေဖူလုံရေးနှင့်ရေသယံဇာတများ ထိန်းသိမ်းအသုံးပြုနိုင်ရေးမြေအောက်တာမံများတည်ဆောက်အသုံးပြု

နေပြည်တော်၊ မတ် ၂၄

**မိုး**နည်းရေရှားပြီး ပူပြင်းခြောက်သွေ့သည့် အညာဒေသတွင် မြေအောက်ရေ အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသနေပြည်သူများ စိုက်ပျိုးရေ၊ သောက်သုံးရေ ထုတ်ယူသုံးစွဲနိုင်စေရန် ရည်ရွယ်၍ မြေအောက်တာမံ တည်ဆောက်ခြင်း လုပ်ငန်းများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မှ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် မတ် ၂၃ ရက်နေ့ မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ယင်းမလည်ချောင်းပေါ်ရှိ မြေအောက်တာမံ တည်ဆောက်မည့် နေရာအား ကြည့်ရှုစစ်ဆေးသည်။



ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီး က ချောင်းကမ်းဘေး နှစ်ဖက်ရှိ မြေသား အနေအထား၊ ချောင်းကြမ်းပြင် ရေလုံလွှာ အနေအထားတို့ကို ဘူမိဗေဒ စမ်းသပ်မှုများ ထပ်မံစစ်ဆေးရေး၊ နှစ်စဉ်မိုးရေချိန် နည်းပါးပြီး ပူပြင်းခြောက်သွေ့သော မကွေးတိုင်းဒေသကြီးအတွင်း မြေအောက်ရေအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက် လာစေရေး၊ ဒေသနေပြည်သူများ စိုက်ပျိုးရေ သောက်သုံးရေ ပိုမိုဖူလုံစွာ ထုတ်ယူသုံးစွဲနိုင်စေရေး အတွက် ရည်မှန်းကာ မြေအောက်တာမံများကို ထပ်မံဆောင်ရွက်သွားမည်ဖြစ်၍ သဲချောင်းများအား စူးစမ်းလေ့လာ တိုင်းတာခြင်း လုပ်ငန်းများကို ယခုထက်ပိုမိုလုပ်ဆောင်ထားကြရန် တာဝန်ရှိသူများအား ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မကွေးမြို့နယ်၊ ဆိပ်သာကျေးရွာအနီးတွင် ဆောင်ရွက်လျက်ရှိသော ဆိပ်သာဆိုလာစနစ် ရေတင်စီမံကိန်းသို့ရောက်ရှိရာ တာဝန်ရှိသူများက ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်း တင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဤဒေသရှိတောင်သူများအနေဖြင့် ရာသီဥတု ဖောက်ပြန်ပြီး မိုးခေါင်ခြင်း၊ မိုးရွာသွန်းမှု နည်းပါးခြင်းများကြောင့် သီးနှံစိုက်ပျိုးမှု အခက်အခဲများ တွေ့ကြုံနေရသဖြင့် အနီးဆုံးရေအရင်းအမြစ်ရှိရာ ဧရာဝတီမြစ်မှ ဆိုလာစနစ်ဖြင့် ရေတင်ပြီး တစ်နှစ်ပတ်လုံး ရာသီမရွေး စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း၊ ဒေသတွင်း တောင်သူများအတွက် အလျင်အမြန်အကျိုးရလဒ် (Quick Win) ရရှိစေနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဖြစ်သောကြောင့် စက်ယန္တရားများ လုံလောက်စွာ အသုံးပြု၍ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းစံချိန်စံညွှန်း အရည်အသွေး ပြည့်မီရေးနှင့် စီမံကိန်းလုပ်ငန်း ပြီးစီးပါက သီးနှံပုံစံအလိုက် စိုက်ပျိုးရေ လိုအပ်ချက်အတိုင်း အပြည့်အဝ ပေးဝေ စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မကွေးမြို့နယ်ရှိ ညောင်ပင်ခလချောင်းနှင့် ဖလံချောင်းတို့တွင် မြေအောက်တာမံများ တည်ဆောက်နိုင်ရန် ဆောင်ရွက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မကွေးတိုင်း ဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန ထိန်းသိမ်းရေးရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီး ဦးစီးမှူးများနှင့် တွေ့ဆုံ၍ မြေအောက်တာမံများ တည်ဆောက်ပြီး စိုက်ပျိုးရေ ပေးဝေနိုင်ရေး ဆိုင်ရာကိစ္စရပ်များ၊ နွေစပါးနှင့် အခြားသီးနှံများ ရေပေးဝေမှု ဆိုင်ရာကိစ္စရပ်များ၊ သီးထပ်စွမ်းအား တိုးတက်ရေး၊ ပန်းတိုင်အထွက်နှုန်း ပြည့်မီရေး ဆိုင်ရာကိစ္စရပ်များနှင့် မွေးမြူရေးဏဿဆိုင်ရာများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်း ရရှိသည်။

**MOALI**

---

# မျိုးကောင်းမျိုးသန့်ကြံမျိုးများ ဖြန့်ဖြူးပေးနိုင်ရေးပညာပေးဆောင်ရွက်

ရေတာရှည်၊ မတ် ၂၅

**စိုက်**ပျိုးရေးဦးစီးဌာန၊ သကြားထွက်သီးနှံဌာနခွဲမှ ကြံသီးနှံ ပန်းတိုင်အထွက်နှုန်း တန် ၃၀ ရရှိရေးနှင့် မျိုးကောင်းမျိုးသန့်ကြံများ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့် သင်တန်းကို မတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်ရှိ ဘိုးတော် ကုန်းခြံတွင် ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရှိရသည်။

အဆိုပါသင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်က မျိုးကောင်းမျိုးသန့်ကြံများ တောင်သူများ စိုက်ပျိုးနိုင်ရေး၊ ကြံသီးနှံ အထွက်နှုန်း တိုးတက်ရေးအတွက် အထွက်တိုးစိုက်နည်း စနစ်များ၊ ရေပေးသွင်းနည်းစနစ်များ၊ ပိုးမွှားရောဂါ၊ ပေါင်းကာကွယ်နှိမ်နင်းနည်းစနစ်များ၊ မြေဆီ လွှာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့်အချက်များ၊ လမိုင်းအထွက်ကောင်းရန် ဆောင်ရွက်ရမည့်အချက်များကို ပို့ချခဲ့ကြောင်း သတင်းရရှိသည်။ အလားတူပင် ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်ရှိ ရေတာ ရှည်ခြံ၊ ဖြူးမြို့နယ်ရှိ ညောင်ပင်သာခြံနှင့် စိမ့်ကြီးခြံ၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်ရှိ ဥက္ကံခြံ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်ရှိ ပျဉ်းမနားခြံ၊ လယ်ဝေးမြို့နယ်ရှိ ကမ်းပါးနီခြံနှင့် သဲဖြူချောင်းခြံများတွင် စဉ်ဆက်မပြတ် သင်တန်းများ ပို့ချသွားမည်ဖြစ်ကြောင်း သိရ သည်။

**ပြည့်ပြည့် (Sugar Land)**



# ရေရှည်တည်တံ့သည့် ဆီအုန်းလုပ်ငန်းကဏ္ဍတွင် မလေးရှားချန်ပီယံဖြစ်စေရေး ဆောင်ရွက်မည်

**တစ်**ကမ္ဘာလုံးအတိုင်းအတာအရ ပတ်ဝန်းကျင်ဆိုင်ရာတာဝန်ယူမှုအပေါ် အလေးပေးမှု မြင့်တက်လာသည်နှင့်အညီ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုတွင် ကမ္ဘာ့ဒုတိယအဆင့်နိုင်ငံဖြစ်သည့် မလေးရှားနိုင်ငံသည်လည်း ရေရှည်တည်တံ့သည့် ဆီအုန်းလုပ်ငန်းကဏ္ဍတွင် ချန်ပီယံဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မလေးရှားစားအုန်းဆီအသင်း (Malaysian Palm Oil Association - MPOA) က ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

စိုက်ပျိုးရေးနှင့်သီးနှံဝန်ကြီးဌာနဝန်ကြီး Datuk Seri Johari Abdul Ghani က ဆီအုန်း စိုက်ပျိုးထုတ်လုပ်သည့်ပုဂ္ဂလိကကဏ္ဍနှင့် အသေးစားစိုက်ပျိုးထုတ်လုပ်သူများအကြား ရေရှည် တည်တံ့မှု နှင့်စပ်လျဉ်း၍ ပိုမိုလိုက်နာစေရေး 36th Palm and Lauric Oils Price Outlook Conference and Exhibition ၏ သတင်းစာရှင်းလင်းပွဲတွင် အလေးပေးပြောကြားခဲ့သည်။

"မလေးရှားနိုင်ငံ၏ ဆီအုန်းစိုက်ပျိုးဧကမှာ ဟက်တာ ၅ ဒသမ ၇ သန်းရှိပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များက ဧက ၄ ဒသမ ၂ သန်း၊ အသေးစားစိုက်ပျိုးထုတ်လုပ်သူများက ဧက ၁ ဒမ ၅ သန်းဖြစ်ကြောင်း၊ မလေးရှားနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်ပြီး ကမ္ဘာ့အခြေအနေမှာ ရေရှည်တည်တံ့သည့် လုပ်ဆောင်ချက်များကို အလေးပေးလျက်ရှိရာ မလေးရှားနိုင်ငံအနေဖြင့်လည်း လိုအပ်သည်များကို အလေးပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခင်အချိန်များက ဆီအုန်း စိုက်ပျိုးရန်အတွက် မြေရှင်းလင်းသည့် နည်းလမ်းကို အသုံးပြုခဲ့ကြောင်း၊ လက်ရှိအချိန်တွင် European Union Deforestation Regulation (EUDR) အပါအဝင် နိုင်ငံတကာစည်းမျဉ်းများ ရှိလာပြီဖြစ်ကြောင်း၊ ဆီအုန်းစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် အဆိုပါစည်းမျဉ်း သတ်မှတ်ချက်များကို လိုက်နာရမည်ဖြစ်ကြောင်း၊ မြေအသုံးချမှု တိုးချဲ့ခြင်းထက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးကို အာရုံစိုက်သင့်ကြောင်းကို ဆီအုန်းကဏ္ဍတွင် ပါဝင်ပတ်သက်သူများအား အမြဲသတိပေးပြောကြားကြောင်း၊ မလေးရှားနိုင်ငံအနေဖြင့် ရေရှည် တည်တံ့မှုဆိုင်ရာ စည်းမျဉ်းသတ်မှတ်ချက်များကို အပြည့်အဝလိုက်နာသည့် နိုင်ငံဖြစ်ရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။



၎င်းက ဆီအုန်းစိုက်ပျိုးမှုအတွက် သစ်တောပြုန်းတီးမှုမှ ကာကွယ်ရေး မလေးရှားနိုင်ငံ၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့ပါသည်။ မလေးရှားနိုင်ငံသည် ရေရှည်တည်တံ့ရေးဆိုင်ရာ မျှော်မှန်းချက်များကို ချမှတ်ထားပြီး အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များတွင်လည်း ပါဝင် လက်မှတ်ရေးထိုးထားသည့် နိုင်ငံဖြစ်ပါသည်။ ၎င်းတို့တွင် ၂၀၅၀ ပြည့်နှစ် ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုသုညဖြစ်ရေး၊ ၂၀၃၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှု ၄၅ ရာခိုင်နှုန်း လျှော့ချခြင်း၊ ၂၀၃၀ ပြည့်နှစ်တွင် မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှု ၃၀ ရာခိုင်နှုန်း လျှော့ချခြင်း၊ သစ်တောဖုံးလွှမ်းဧက အနည်းဆုံး ၅၀ ရာခိုင်နှုန်းရှိစေရေးစသည်တို့ပါဝင်သည်။

မလေးရှားနိုင်ငံသည် ဥရောပသမဂ္ဂဈေးကွက်ကို မဆုံးရှုံးစေရေးအတွက် နိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်သည့် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို ကမ္ဘာက လက်ခံလာသည့် ရေရှည် တည်တံ့သည့်လုပ်ငန်းကဏ္ဍဖြစ်စေရေး၊ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် တာဝန်ယူမှုရှိသည့် ပတ်ဝန်းကျင်ဖြစ်စေရေးကို အလေးပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သွယ်သွယ်ဆုတင်**

မလေးရှားစားအုန်းဆီအသင်း

(Malaysian Palm Oil Association - MPOA)

■

# အိန္ဒိယတွင် ၁၀၀ ရာခိုင်နှုန်း ဆန်ကွဲတင်ပို့မှုပိတ်ပင်ချက်ကို ရုပ်သိမ်း

**အိ**န္ဒိယအစိုးရသည် ၂၀၂၂ ခုနှစ် စက်တင်ဘာလမှစတင်၍ စည်းမျဉ်းစည်းကမ်းထုတ်ပြန်၍ ပိတ်ပင်ထားသော ၁၀၀ ရာခိုင်နှုန်း ဆန်ကွဲတင်ပို့မှုကို မတ် ၇ ရက်က ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ အဆိုပါနေ့ညနေပိုင်းတွင် ထုတ်ပြန်လိုက်သော နိုင်ငံခြားကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန (DGFT) ၏ အမိန့်ကြော်ငြာစာအမှတ် ၆၁/၂၀၂၄-၂၅ အရ ယခုအခါ အိန္ဒိယ နိုင်ငံမှ ဆန်ကွဲတင်ပို့မှုကို ယခင်က "တားမြစ်ထားသည့်" အဆင့်မှ လွတ်လပ်စွာ တင်ပို့ခွင့်ပြုမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ကြေငြာချက်သည် အိန္ဒိယ စပါးသိုလှောင်ရုံများ၌ ဆန်စပါးများပြည့်လျှံ နေခြင်းနှင့် ဆန်ပို့ကုန်လုပ်ငန်းရှင်အသင်းအဝိုင်းမှ ဖိအားပေးမှုတို့ကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ပြည်တွင်းစားသုံးမှု ဖူလုံရေးအတွက် အစိုးရမှ ဆန်ကွဲတင်ပို့မှုပိတ်ပင်ခြင်း မပြုမီက တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့အပြင် အထူးသဖြင့် ဆီနီဂေါနိုင်ငံသည် အိန္ဒိယ၏ ဆန်ကွဲ အဓိက ဝယ်လက်နိုင်ငံများဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆုံးဖြတ်ချက်ကို လွန်ခဲ့သော သီတင်းပတ် တစ်ပတ်ခန့်ကတည်းက မျှော်လင့်နေခဲ့ကြ ကြောင်း ကုန်သွယ်ရေးလုပ်ငန်းရှင် အသင်းအဝိုင်းမှ ပြောကြားခဲ့သည်။ ယခုအခါ ဗီယက်နမ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့မှ ၁၀၀ ရာခိုင်နှုန်း ဆန်ကွဲကို (ဗီယက်နမ်- ၁ တန်လျှင် ၃၇၇ ဒေါ်လာ၊ ပါကစ္စတန်- ၃၀၈ ဒေါ်လာ) ဈေးနှုန်းချိုသာစွာဖြင့် ယှဉ်ပြိုင်ရောင်းချလာသည့်အတွက် အိန္ဒိယအနေဖြင့် အဆိုပါဈေး ကွက်တွင် စိန်ခေါ်မှုများရှိနိုင်ကြောင်း သိရသည်။ ထိုင်းနိုင်ငံမှ ဆန်ကွဲ ၁ တန်လျှင် ၃၅၆ ဒေါ်လာဖြင့် ရောင်းချလျက်ရှိသည်ကို ထောက်ရှုလျှင် အိန္ဒိယနိုင်ငံ၏ ဈေးနှုန်းသည် ဗီယက်နမ်နှင့် ပါကစ္စတန်နိုင်ငံတို့ထက် မြင့်မားဖွယ်ရှိကြောင်း သိရသည်။



ကုန်သည်များ၏ အဆိုအရ အိန္ဒိယမှ ၁၀၀ ရာခိုင်နှုန်း ဆန်ကွဲအား ပြန်လည်တင်ပို့ရန် ခွင့်ပြုချက်သည် ဈေးနှုန်းကျဆင်းလျက်ရှိသော ကမ္ဘာ့ဆန်ဈေးကွက်ကို ယခုထက် ဖိအားပိုမိုဖြစ်စေမည်ဖြစ်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ဆန်ထုတ်လုပ်မှုနှင့် လက်ကျန်ပမာဏများပြားနေခြင်း၊ ဝယ်လက်များ၏ ဝယ်လိုအား လျော့နည်းနေခြင်းနှင့် အာရှတွင် ဆန်အသစ်များ ရိတ်သိမ်းထွက်ရှိမှုများကြောင့် ဆန်ဈေးနှုန်း အပေါ် ဖိအားများဖြစ်စေကာ ၂ နှစ်အတွင်း ကမ္ဘာ့ဆန်ဈေးနှုန်း အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိလျက်ရှိကြောင်း သိရသည်။

**ကောင်းထွဋ်အောင်**

The Hindu Businessline, India lifts ban on 100% broken rice, March 7, 2025.

# ဒူးရင်းဝယ်လိုအားကြောင့် ထိုင်းနိုင်ငံ၏ သစ်သီးဝလံတင်ပို့မှု အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံအထိရှိလာခဲ့

ယခင်နှစ်က ဒူးရင်းတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၉ ဘီလီယံကျော်ရှိပြီး ထိုင်း နိုင်ငံ၏ ထိပ်တန်းလယ်ယာထွက်ကုန်ဖြစ်ခဲ့ကြောင်း ကုန်သွယ်မှုမူဝါဒနှင့် မဟာဗျူဟာရုံး (TPSO) မှ သိရှိရသည်။ TPSO ၏ ညွှန်ကြားရေးမှူးချုပ် Poonpong Naiyanapakorn က ထိုင်းဒူးရင်းသီး၏ အရည်အသွေးနှင့် ထူးခြားသော အရသာများကြောင့် ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအား ကြီးထွားမှုနှင့် ယခုကဲ့သို့ အောင်မြင်ရခြင်းဖြစ်သည်ဟု ယူဆကြောင်း ပြောကြားသည်။

၂၀၂၄ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ စုစုပေါင်းသစ်သီးတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၁ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ငါးနှစ်တာပျမ်းမျှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၆ ဘီလီယံကို ကျော်လွန်ကာ လယ်ယာထွက်ကုန် စုစုပေါင်း၏ ၂၂ ဒသမ ၆ ရာခိုင်နှုန်းရှိသည်။ လတ်ဆတ်သောသစ်သီးများ တစ်ခုတည်းကပင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၅ ဘီလီယံရရှိပြီး ဒူးရင်းသီး၊ လောင်ဂန်သီး၊ မင်းကွတ်သီး၊ အုန်းသီးနုနှင့် သရက်သီးတို့ကို အဓိက တင်ပို့ရောင်းချခဲ့သည်။

ထိုင်းနိုင်ငံသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၆ ဘီလီယံတန်ဖိုးရှိ ဒူးရင်းတန်ချိန် ၈၅၉၁၈၃ တန် တင်ပို့ခဲ့ပြီး စုစုပေါင်းသစ်သီးတင်ပို့မှုတန်ဖိုး၏ ၇၂ ဒသမ ၉ ရာခိုင်နှုန်း ရှိခဲ့ပါသည်။ တရုတ်နိုင်ငံသည် အဆိုပါတင်ပို့ရောင်းချမှု၏ ၉၇ ဒသမ ၄ ရာခိုင်နှုန်းကို လက်ခံရရှိထားပြီး ဟောင်ကောင်၊ တောင်ကိုရီးယား၊ မလေးရှားနှင့် အမေရိကန်တို့ကိုလည်း တင်ပို့သည်။

လောင်ဂန်သီးတင်ပို့မှုသည် စုစုပေါင်း ၅၂၇၉၂၇ တန်ရှိပြီး အမေရိကန်ဒေါ်လာ ၅၇၁ သန်း ရရှိကာ တရုတ်နိုင်ငံသို့ တင်ပို့မှု၏ ၇၃ ဒသမ ၁ ရာခိုင်နှုန်း ရှိသည်။ အခြားဈေးကွက်များဖြစ်သည့် အင်ဒိုနီးရှား၊



ဗီယက်နမ်၊ မလေးရှားနှင့် အိန္ဒိယတို့လည်း ပါဝင်ပါသည်။ မင်းကွတ်သီးတင်ပို့မှုမှာ တန်ချိန် ၂၈၄,၈၆၀ ရှိပြီး အမေရိကန်ဒေါ်လာ ၄၉၁ သန်းရှိခဲ့ပြီး ၉၁ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပြီး ဗီယက်နမ်၊ တောင်ကိုရီးယား၊ အမေရိကန်နှင့် ယူအေအီးတို့ကိုလည်း တင်ပို့ခဲ့ပါသည်။

ထိုင်းနိုင်ငံသည် အမေရိကန်ဒေါ်လာ ၂၁၇ သန်းတန်ဖိုးရှိ အုန်းသီးနုတန်ချိန် ၂၅၇,၄၂၈ တန် တင်ပို့ခဲ့ပြီးအဓိကနိုင်ငံများဖြစ်သော တရုတ်နိုင်ငံ ၈၂ ဒသမ ၇ ရာခိုင်နှုန်း၊ အမေရိကန်၊ ဟောင်ကောင်၊ စင်ကာပူနှင့် နယ်သာလန်တို့ ပါဝင်သည်။ သရက်သီးတင်ပို့မှု ပမာဏမှာ ၁၀၆၇၅၃ တန်ရှိပြီး အမေရိကန် ဒေါ်လာ ၃၃ သန်းတန်ဖိုးရှိကာ တောင်ကိုရီးယားက ၆၁ ဒသမ ၈ ရာခိုင်နှုန်းဖြင့် ဦးဆောင်ကာ မလေးရှား၊ ဂျပန်၊ ဗီယက်နမ်နှင့် လာအိုတို့ကိုလည်း တင်ပို့ခဲ့သည်။

လတ်ဆတ်သော သစ်သီးဝလံတင်ပို့မှုအတွက် ထိုင်းနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအပေါ် မှီခိုနေရကြောင်း မစ္စတာ Poonpong က ပြောကြားခဲ့ပြီး အထူးသဖြင့် ဒူးရင်းသီးအတွက် ပြိုင်ဆိုင်မှု တိုးလာခြင်းနှင့်ပတ်သက်၍ စိုးရိမ်မှုများမြင့်တက်လာကြောင်း ပြောကြားသည်။ ၂၀၂၃ ခုနှစ်ကတည်းက တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံသာမက ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံတို့မှ ဒူးရင်းတင်သွင်းမှုကို ခွင့်ပြုခဲ့ပြီး သွင်းကုန်စည်းမျဉ်းများ တင်းကြပ်ခဲ့သည်။

ပြိုင်ဆိုင်မှုများကို ရင်ဆိုင်ရန် ထိုင်းနိုင်ငံသည် အမေရိကန်၊ ဂျာမနီ၊ နယ်သာလန်နှင့် အင်္ဂလန်ကဲ့သို့သော ဈေးကွက်ဒေသ အသစ်များကို ပစ်မှတ်ထားပြီး ၎င်း၏ ပို့ကုန်ဈေးကွက်များကို ဖြန့်ကြက်ရန် ရည်ရွယ်ကြောင်း၊ ဤမဟာဗျူဟာသည် တရုတ်နိုင်ငံအပေါ် မှီခိုအားထားမှုကို လျှော့ချရန်နှင့် အလားအလာရှိသော ဈေးကွက်ဖိအားများကို ကူညီရန် ရည်ရွယ်ထားကြောင်း မစ္စတာ Poonpong မှ ပြောကြားခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ဈေးကွက်သစ်များဝင်ရောက်ရန်၊ တန်ဖိုးမြှင့်စိုက်ပျိုးရေးလုပ်ငန်းစဉ်များကို ပံ့ပိုးကူညီခြင်းဖြင့် ပို့ကုန်များအား ကောင်းလာစေရန်၊ ထုတ်လုပ်မှုကို စီမံခန့်ခွဲရန်နှင့် ဈေးကွက်တည်ငြိမ်မှုကို ထိန်းသိမ်းရန် မဟာဗျူဟာများ ပြင်ဆင် နေကြောင်း သိရှိရသည်။

**ဟေမာန်အောင်မင်း**

https://www.freshplaza.com/north-america/article/9712980/thailand-s -fruit-exports-hit-6-5-billion-driven-by-durian-demand/

# ယူကရိန်းပန်းသီး တင်သွင်းရန်အတွက် ကနေဒါ ဈေးကွက်ဖွင့်

ယူကရိန်းပန်းသီးများ တင်သွင်းရာတွင် လွယ်ကူချောမွေ့စေရေးအတွက် ယူကရိန်းနိုင်ငံ၏ အစားအသောက်ဘေးကင်းရေးနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုမှ ထုတ်ပြန်ထားသည့် အစီအစဉ်တစ်ရပ်ကို ကနေဒါအစားအစာစစ်ဆေးရေးအေဂျင်စီ(CFIA) က တရားဝင် ခွင့်ပြုခဲ့သည်။

ရုရှား၏ အပြင်းအထန်တိုက်ခိုက်မှု အခြေအနေများကြားတွင် ပို့ကုန်လုပ်ငန်းရှင်များနှင့် ယူကရိန်းနိုင်ငံ၏ စီးပွားရေးကို ပံ့ပိုးကူညီပေးရန် အထူးအလေးထားခဲ့ပါကြောင်း၊ ခိုင်မာသော စီးပွားရေးနှင့် တည်ငြိမ်သော စီးပွားရေး လုပ်ငန်းများသည် ကျွန်ုပ်တို့နိုင်ငံ၏ အလုံးစုံကာကွယ်ရေး စွမ်းရည်အတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် နိုင်ငံတော်အဆင့် အစားအစာ ဘေးကင်းရေးနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့်အတူ ယူကရိန်း ထုတ်လုပ်သူ များအတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးခြင်း၊ ကုန်သွယ်မှုကို ဖြေလျှော့ပေးခြင်း၊ နိုင်ငံခြား ဈေးကွက်အသစ်များသို့ တံခါးဖွင့်ပေးခြင်းတို့ကို ဆက်လက်လုပ်ဆောင်နေပါကြောင်း ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး Andriy Sybiha က ပြောကြားသည်။

နိုင်ငံတော်အဆင့် အစားအစာဘေးကင်းရေးနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုဌာန အကြီးအကဲ Serhiy Tkachuk က ယူကရိန်းထုတ်ကုန်များ၏ ဝယ်လိုအားသည် နိုင်ငံတကာ ကုန်သွယ်မှုနယ်ပယ်မှာ တစ်နှစ်ထက်တစ်နှစ် ကြီးထွားလာနေပါကြောင်း၊ ကနေဒါ



နိုင်ငံသည် ယူကရိန်း ပန်းသီးများအတွက် ဈေးကွက်ဖွင့်နေပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်အဆင့် အစားအစာ ဘေးကင်းရေးနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုဌာနသည် နိုင်ငံခြားရေးဝန်ကြီး ဌာနနှင့်အတူ အရောင်းဈေးကွက်သစ်များ ဖွင့်လှစ်ရန် စီးပွားရေးလုပ်ငန်းများထံမှ တောင်းဆိုမှု တိုင်းကို ဆောင်ရွက်ပေးပါသည်။ နိုင်ငံအချို့ကိုသာမက အမေရိက ဥရောပသမဂ္ဂ၊ အာဖရိက၊ အရှေ့ အာရှနိုင်ငံများစသည့် ကမ္ဘာ့မြေပုံတစ်ခုလုံးကိုပါ ထည့်သွင်း စဉ်းစားနေသည်။

ကနေဒါ၏ အလိုအလျောက်တင်သွင်းမှုဆိုင်ရာရည်ညွှန်းစနစ် (AIRS) သည် ယခုအခါ အချိန်နှင့် အမျှတင်သွင်းကုန် လိုအပ်ချက်များကို ဖော်ပြနေပြီး ယူကရိန်းပန်းသီးများ (Malus domestica) အတွက် တင်ပို့သည့် အစီအစဉ်ကို အတည်ပြုလိုက်ပြီဖြစ်သည်။ ယူကရိန်း ထုတ်လုပ်သူများ၊ တင်ပို့သူများနှင့် ထုပ်ပိုးသူများသည် ကနေဒါသို့ ပန်းသီးများ တင်ပို့ရောင်းချနိုင်သည်။ ပိုးမွှားအန္တရာယ်များကို စီမံခန့်ခွဲရန်အတွက် သစ်သီးခြံများကို နိုင်ငံတော်အဆင့် ကြီးကြပ်ကွပ်ကဲမှု အောက်တွင်ထားရှိသည်။ ပို့ဆောင်မှုတစ်ခုချင်းစီအတွက် Phytosanitary Certificate တစ်ခု မဖြစ်မနေ လိုအပ်ကြောင်း သိရှိရသည်။

**အေးအေးခိုင်**

https://www.freshplaza.com/north-america/article/9712090/canada-opens-market-to-

စာ-၉ သို့

မေးမြန်းလေ့လာ နည်းပညာ




# စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း

အိအိစံ(Sugar Land)

**စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း (GAP - Good Agricultural Practices) စိုက်နည်း စနစ်ဖြင့် နည်းပညာပေးရန်အတွက် စိုက်ပျိုးပြသထားသော ပျဉ်းမနားမြို့နယ်ရှိ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ ဟင်းသီးဟင်းရွက်အဆင့်မြင့်စံပြခြံ သို့သွားရောက်၍ တာဝန်ရှိသူဦးမျိုးထိုက်ကြွယ်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဥယျာဉ်ခြံ၊ဟင်းသီးဟင်းရွက်နှင့်အပင်ဇီဝနည်းပညာဌာနခွဲနှင့် ခြံတာဝန်ခံ ဦးစီးအရာရှိ ဦးကျော်ငွေးတို့အား တွေ့ဆုံမေးမြန်းခဲ့မှုများကို သိရှိလေ့လာနိုင်ကြပါရန် တင်ပြလိုက်ရပါသည်။**

**စိုက်**ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဆိုတာက မြေပြုပြင်စိုက်ပျိုးထုတ်လုပ်ချိန်မှ စားသုံးသူလက်ဝယ်ရောက်သည်အထိထုတ်လုပ်မှု ကွင်းဆက်တိုင်းမှာ စားသုံးသူအတွက် အန္တရာယ်ဖြစ်စေမည့် ကူးစက်ညစ်ညမ်း မှုအနည်းဆုံးဖြစ်စေဖို့ လိုက်နာရမဲ့ နည်းလမ်းများကို စုစည်းထားသည့် စံလုပ်ထုံးလုပ်နည်းလမ်းညွှန်မှုများ ဖြစ်ပါတယ်။ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများမှာ အခန်းကဏ္ဍကြီး ၄ ခုရှိပါတယ်။ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးကဏ္ဍ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍ၊ သီးနှံများ၏အရည်အသွေးကဏ္ဍနဲ့ လုပ်သားများ၏ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လူမှုဘဝသာယာရေးကဏ္ဍတို့ ဖြစ်ပါတယ်။



ဦးမျိုးထိုက်ကြွယ်
ဒုတိယညွှန်ကြားရေးမှူး
ဥယျာဉ်ခြံ၊ဟင်းသီးဟင်းရွက်နှင့်
အပင်ဇီဝနည်းပညာဌာနခွဲ

စိုက်ပျိုးရေး ဦးစီးဌာနအနေနဲ့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အဓိက လုပ်ငန်းစဉ် ၂ ရပ်ဖြစ်သော မြန်မာ့စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း နည်းစနစ် လိုက်နာကျင့်သုံးရန်နည်းပညာပေးခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း အသိ အမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းတို့ကို အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုး ရေးဦးစီးဌာန အနေနဲ့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိ အမှတ်ပြုလက်မှတ်ကို ၂၀၁၆-၂၀၁၇ ခုနှစ်ကနေ စတင်ပြီးထုတ်ပေးခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကနေ ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဇန်နဝါရီ အထိ သီးနှံ ၇၁ မျိုးအတွက် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းအသိအမှတ်ပြုလက်မှတ်ပေါင်း ၄၅၁၆ စောင် ထုတ်ပေးနိုင်ခဲ့ပါတယ်။

ယခုအခါ သီးနှံတွေကို စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ အသိအမှတ်ပြုလက်မှတ်ပေးတဲ့အခါ ပိုမိုလျင်မြန်လွယ်ကူစေဖို့ ၂၀၁၈ ခုနှစ်ကနေ စတင်ပြီး (Online System) ဖြင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနေကြောင်းတင်ပြလိုပါတယ်။ Online ကနေ အသိအမှတ်ပြု လက်မှတ်လျှောက်တဲ့အခါ စိုက်ပျိုးထုတ်လုပ်တဲ့တောင်သူသည် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဆီကို လျှောက်လွှာတင်ရမှာဖြစ်ပြီးမြို့နယ်ဦးစီးမှူးကနေ တစ်ဆင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနကို တင်ပြရမှာဖြစ်ပါတယ်။ မြို့နယ်ဦးစီးမှူးက တင်ပြတဲ့တောင်သူရဲ့လျှောက်လွှာကို ခရိုင်ဦးစီးမှူးက စိစစ်ပြီး ခရိုင်မှာရှိတဲ့ဝန်ထမ်းတွေကစိုက်ပျိုးတောင်သူတွေရဲ့ကွင်းထဲကိုကိုယ်တိုင်သွားရောက်ပြီး အဖွဲ့ဖွဲ့စစ်ဆေး မှာဖြစ်ပါတယ်။

စစ်ဆေးတွေ့ရှိချက်တွေကို ခရိုင်မှတစ်ဆင့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ဦးစီးမှူးကို တင်ပြတာဖြစ်ပါတယ်။ပြည်နယ်ဦးစီးမှူးက တင်ပြလာတဲ့လျှောက်လွှာတွေကို ကိုးကားဖြည့်စွက်ပြီး စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)ကို တင်ပြပါတယ်။ ရုံးချုပ်ကနေ အသိအမှတ်ပြုလက်မှတ်ပေးသည့် လုပ်ငန်းကိုဆောင်ရွက်ပေးပါတယ်။ အတည်ပြုပြီးသော လျှောက်လွှာများကို ရာသီသီးနှံတွေ မစိုက် ပျိုးခင်၊ နှစ်ရှည်သီးနှံအနေနဲ့ဆို ၆ လခန့် ကြိုတင်၍ ခရိုင်ဦးစီးရုံးမှတစ်ဆင့် တိုင်းဒေသကြီး/ ပြည်နယ်နှင့် ဥယျာဉ်ခြံ၊ဟင်းသီးဟင်းရွက်နှင့်အပင်ဇီဝနည်းပညာဌာနခွဲသို့ ပေးပို့ ဆောင်ရွက်ရပါမယ်။

စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း ဟင်းသီးဟင်းရွက်စံပြခြံကို လက်ရှိ ပျဉ်းမနားမြို့ နယ်မှာ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ စိုက်ပျိုးထုတ်လုပ်တဲ့တောင်သူတွေ၊ ထုတ်လုပ်မှု ကွင်းဆက်တိုင်းမှာပါဝင်တဲ့ထုတ်လုပ်သူတွေ၊ ကျောင်းသား/ကျောင်းသူတွေ၊လုပ်ငန်းရှင်တွေ လာရောက်လေ့လာနေတာတွေ ရှိပါတယ်။

စိုက်ပျိုးထုတ်လုပ်မှုတွေနဲ့ပတ်သက်ပြီး စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းရဲ့ တာဝန် ယူရမဲ့အပိုင်းတွေ၊ ဆောင်ရွက်ရမဲ့အချက်တွေကို သိရှိနားလည်သွားရင် တစ်ချိန်ချိန်မှာ စိုက်ပျိုးရေး ဆိုင်ရာအလေ့အကျင့်ကောင်းဟာ ဈေးကွက်ကျယ်ပြန့်လာပါမယ်။ တောင်သူများလည်း ဝင်ငွေတိုးတက်မြင့်မားလာမှာဖြစ်ပါတယ်။ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးကိုလည်း ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲမှ တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုပေးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။

တောင်သူ လယ်သမားများ၊ စိုက်ပျိုးရေးတန်ဖိုးမြင့် ထုတ်ကုန်လုပ်ငန်းရှင်များ၊ ဟိုတယ်၊ မိုတယ်များ၊ စားသောက်ဆိုင်များမှ လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်။

**စိုက်**ပျိုးရေးဦးစီးဌာန၊ ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲအောက်မှာရှိသော စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ စံပြစိုက်ခင်း(ပျဉ်းမနားမြို့နယ်)ကို ၂၀၁၆- ၂၀၁၇ ခုနှစ်တွင် ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံ၊ ကျောင်းအနီး၌ စတင်တည်ထောင်ခဲ့ ပါတယ်။



ဦးကျော်ငွေး
ခြံဦးစီးအရာရှိ
စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်
ကောင်းများ ဟင်းသီးဟင်းရွက်
အဆင့်မြင့်စံပြခြံ ပျဉ်းမနားမြို့နယ်

စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် သီးနှံများစိုက်ပျိုးပြသထားခြင်းရဲ့ ရည်ရွယ်ချက်ကတော့ အစားအစာများစားသုံးခြင်းမှ ဖြစ်ပေါ်တတ်သော ဘေးအန္တရာယ်များကင်းရှင်းပြီး စိတ်ချယုံကြည်မှု ရရှိစေဖို့၊ သီးနှံများ၏ အရည်အသွေး ထိခိုက်ပျက်စီးဆုံးရှုံးမှုအား ထိန်းသိမ်း ကာကွယ်နိုင်စေဖို့၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးနည်းစနစ် ထူထောင်လာနိုင်စေဖို့၊ လုပ်သားများရဲ့ ကျန်းမာရေး၊ လူမှုဘဝသာယာဝပြောရေး အလေးထားဆောင်ရွက်နိုင်စေဖို့ ဖြစ်ပါတယ်။

စိုက်ပျိုးဆိုင်ရာအလေ့အကျင့်ကောင်းများဖြင့် သီးနှံအမျိုးအစားပေါင်း ၃၀၊ မျိုးကွဲပေါင်း ၆၀ စိုက်ပျိုးပြသ ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ စိုက်ပျိုးဆိုင်ရာအလေ့အကျင့်ကောင်းများဖြင့် စိုက်ပျိုးထုတ်လုပ်သူများ အဓိကအနေနဲ့ လိုက်နာဆောင်ရွက်ရမည့်အချက်များကတော့ ၁၆ ချက် ရှိပါတယ်။ အရေးကြီးဆုံးအချက်တွေကတော့ စိုက်ပျိုးမည့်မြေကို နမူနာယူပြီး မြေရဲ့အရည်အသွေး ကိုဓာတ်ခွဲစမ်းသပ်ဖို့ လိုပါတယ်။ စိုက်ပျိုးရာတွင်

စာ-၉ သို့

စာ-၁၅ မှ

## သိုး/ဆိတ်သား၊ အေးခဲသိုး/ဆိတ် အသားနှင့် ကလီစာအတွက် စံချိန်စံညွှန်း

ဤစံချိန်စံညွှန်းသည် Swine species မှ ထုတ်လုပ်ထားသော သိုး/ဆိတ်သား၊ အေးခဲ သိုးဆိတ်သားနှင့် ကလီစာ စသည်တို့ အားလုံးအတွက် အကျုံးဝင်သည်။ ထုတ်ပြန်ပြီး စံချိန် စံညွှန်း တွင် အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ စစ်ဆေးခြင်းနှင် စစ်ဆေးရန် စံချိန်စံညွှန်းများ သတ်မှတ်ခြင်းဟူ၍ အပိုင်း၃ပိုင်းရှိသည်ဟု ယေဘုယျ သိရှိနားလည်ထားစေလိုပါသည်။ ယေဘုယျသိရှိနားလည်ထားခြင်းဖြင့်ပင် အသား

9)နမူနာပစ္စည်းပေးပို့ခြင်း ၊ထုပ်ပိုးခြင်းနှင့် သိုလှောင်သိမ်းဆည်းခြင်း

10)နမူနာပစ္စည်းပေးပို့ခြင်း ၊ထုတ်ပိုးကုန်တွင် ဖော်ပြသည့်တံဆိပ်တပ်ခြင်း

11)နမူနာပစ္စည်းပေးပို့ခြင်း ၊သယ်ယူပို့ဆောင်ခြင်း

နိုင်ငံတော် စံချိန်စံညွှန်းသတ်မှတ်ရေး ဗဟိုကော်မတီမှခွင့်ပြုချက်ရရှိပြီး ထုတ်ပြန်ထားသည့် အသားကဏ္ဍ စံချိန်စံညွှန်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ် ၃၆၊ မွေးမြူရေးနှင့် ကုသရေးဦးစီး ထုတ်လုပ်မှုအတွက် နိုင်ငံတော်အစိုးရမှ ပြည်တွင်းသာမက ပြည်ပို့ကုန်ထိပါ ရည်မှန်းဆောင်ရွက်ထားရှိကြောင်း သိရှိနိုင်ပါသည်။

ထုတ်ပြန်ပြီး သိုး/ဆိတ်သားဆိုင်ရာ စံချိန်စံညွှန်းတွင် ပါဝင်သည့် အခန်း ကဏ္ဍများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

1)သိုး/ဆိတ်သား ၊အေးခဲသိုး/ဆိတ်သား နှင့် စားသုံးနိုင်သောကလီစာအတွက် အဓိပ္ပာယ် ဖွင့်ဆိုခြင်း

2)သားသတ်ခြင်းမပြုမီ တိရစ္ဆာန်၏ ကျန်းမာရေးမျက်မြင်စစ်ဆေးခြင်း

3)သားသတ်ပြီးနောက်တိရစ္ဆာန် ထွက်ပစ္စည်းများကို စစ်ဆေးခြင်း

4)နမူနာပစ္စည်းပေးပို့ခြင်း၊တိရစ္ဆာန် ထွက်ပစ္စည်းများကို အရည်အသွေးသတ်မှတ်ခြင်းနှင့် စစ်ဆေးခြင်း

5)နမူနာပစ္စည်းပေးပို့ခြင်း၊ညစ်ညမ်းပစ္စည်းနှင့်အဆိပ်အတောက်ပါဝင်မှုစစ်ဆေးခြင်း

6)သတ္တုဓာပစ္စည်းပါဝင်မှုဆိုင်ရာ စံချိန်စံညွှန်းများ

7)မွေးမြူရေးခြံသုံးဆေးဝါးနှင့် တိရစ္ဆာန်သုံးဆေးဝါးများအတွက် ဒြပ်ကြွင်းပါဝင်မှု ဆိုင်ရာ စံချိန်စံညွှန်းများ

8)အဏုဇီဝပိုးပါဝင်မှုဆိုင်ရာ စံချိန်စံညွှန်းများ

ဌာနတွင် ဆက်သွယ်မေးမြန်းလေ့လာနိုင်ပါသည်။

### မွေး၍ ရသော ရွှေ

မြန်မာနိုင်ငံအနေဖြင့် သိုး/ဆိတ် မွေးမြူရေးလုပ်ငန်းတွင် အထက်ဖော်ပြပါ အားသာချက်များ ဖြစ်သော ဒေသမျိုးရင်းမျိုးကောင်းမျိုးသန့်များ အလွယ်တကူရရှိနိုင်မှု၊ ဆိတ်မွေးမြူရေးအား ရင်းနှီး ကျွမ်းဝင်ပြီးသော မွေးမြူတောင်သူများရှိခြင်း၊ သိုး/ဆိတ်မွေးမြူရေး အောင်မြင်ဖြစ်ထွန်းနိုင်သော သဘာဝပေါက်ပင်နှင့် ရေမြေရာသီဥတုများရှိခြင်း၊ လက်ရှိဈေးကွက်အပြင် ဈေးကွက်ထပ်မံချဲ့ထွင်နိုင်သော အခြေနေကောင်းများရှိခြင်း၊ နည်းပညာအကူအညီများ ရယူနိုင်သော အခွင့်အလမ်းများရှိခြင်း စသောအားသာချက်များအား ဟန်ချက်ညီညီ အသုံးချ၍ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက တစ်ပိုင် တစ်နိုင်မှသည် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းအထိ တောင်သူများ ဝင်ငွေ တိုးတက်ရေး နှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုဖြစ်ထွန်းမည့် "မွေး၍ရသောရွှေ" ဟု တင်စားခေါ်ဆိုနိုင်သော မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**အောင်သက်စိုး(သဖန်း)**



စာ-၈ မှ

အသုံးပြုမည့်ရေကိုလည်း ဓာတ်ခွဲစမ်းသပ်ရပါမယ်။ ဒေသနဲ့ကိုက်ညီပြီး ပိုးမွှားရောဂါကင်းစင်တဲ့ မျိုးကောင်းမျိုးသန့်မျိုးတွေကို ရွေးချယ်စိုက်ပျိုးရပါမယ်။ စိုက်ပျိုးမည့်မျိုးတွေကို မျိုးကွဲအမည်၊ အရေအတွက်၊ ရရှိတဲ့နေရာဒေသ၊ ရရှိတဲ့နေ့စွဲ စတဲ့ အထောက် အထားတွေကို မှတ်တမ်းထားရှိဖို့ လိုပါတယ်။

ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာတွေ သုံးစွဲမယ်ဆိုရင် အာမခံချက်ရှိတဲ့စစ်ဆေးပြီး မှတ်ပုံ တင်ပြီးသား ဓာတ်မြေဩဇာတွေကိုသာ သုံးစွဲရမှာ ဖြစ်ပါတယ်။ ဓာတုပိုးသတ်ဆေး၊ မှိုသတ်ဆေး များ သုံးစွဲမယ်ဆိုရင်လည်း မှတ်ပုံတင်ပြီးသားဆေးတွေကိုသာ သုံးစွဲရမှာဖြစ်ပါတယ်။ ဘက်စုံပိုးမွှား ကာကွယ် ရေးနည်းလမ်းများ၊ ပိုးမွှားကင်းထောက်မှတ်တမ်း ယူတဲ့နည်းလမ်းများ အသုံးပြုပြီး ဓာတုပိုးသတ်ဆေးတွေကို လိုအပ်မှသာသုံးစွဲခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေပြီး တောင်သူများအတွက် အကျိုးဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။ သီးနှံများ ရင့်မှည့်တဲ့အချိန်မှာ ထုတ်လုပ်တဲ့ သီးနှံရဲ့ အရည်အသွေး၊ ဓာတုဓာတ်ကြွင်းပါ/မပါကို ဓာတ်ခွဲစစ်ဆေးရန် သီးနှံနမူနာကို ဓာတ်ခွဲခန်းကို ပို့ဖို့လိုပါတယ်။ ဓာတ်ခွဲခန်း အဖြေသည် ထုတ်လုပ်သည့်သီးနှံတွင် စားသုံးသူများအတွက် အန္တရာယ် ဖြစ်စေတဲ့ ဓာတုဓာတ်ကြွင်း များမပါရှိဘဲ ကျန်းမာရေးနှင့်ညီညွတ်၍ အာဟာရဓာတ်များနှင့် ပြည့်စုံကြောင်း ထောက်ခံချက်ရရှိပါက ဖြန့်ဖြူးရောင်းချခွင့် ရရှိမှာဖြစ်ပါတယ်။

စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများဖြင့်စိုက်ပျိုးထုတ်လုပ်မည် ဆိုပါက ကျန်းမာရေး နှင့်ညီညွတ်ပြီး အာဟာရဓာတ်များနှင့်ပြည့်စုံသော ဘေးအန္တရာယ်ကင်းရှင်းတဲ့ အစားအစာများ ရရှိပြီး သီးနှံအရည်အသွေးကောင်းတဲ့အတွက်ကြောင့် ဈေးကောင်းရရှိ၍ တောင်သူများ ဝင်ငွေတိုးစေမယ်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိခြင်းကြောင့် ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးစနစ် ထူထောင်နိုင်မယ်၊ လုပ်သားများကျန်းမာ၍ ဘေးအန္တရာယ်ကင်းပြီး လူမှုဘဝသာယာဝပြောရေး အထောက်အကူပြုမယ်စတဲ့ အကျိုးကျေးဇူးများ ရရှိစေမှာ ဖြစ်ပါတယ်။

ဒီစံပြခြံအနေနဲ့ စားသုံးသူဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်အောင် စိုက်ပျိုးထုတ်လုပ်ထားတာမို့ စိတ်ပါဝင်စားသူများ လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**အိအိစံ(Sugar Land)**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ ၂၀၂၅ - ၂၀၂၆ ခု ဘဏ္ဍာရေးနှစ်အတွက် လယ်ယာသုံးစက် ကိရိယာများ၊ တာယာ၊ Battery များ၊ စက်ဆီ/ ချောဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက်
(၁- ၄ -၂၀၂၅) ရက်မှ (၂၄- ၄ -၂၀၂၅) ရက်နေ့ (၁၄:၀၀ )နာရီထိ

၃။ တင်ဒါပိတ်ရက် (၂၄- ၄ -၂၀၂၅ )ရက်နေ့၊ ( ၁၄ : ၀၀ )နာရီ ၊

၄။ တင်ဒါဖွင့်လှစ်မည့်ရက်ကို ထပ်မံကြေငြာပါမည်။

၅။ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို စက်မှုလယ်ယာဦးစီးဌာန ၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်တွင် ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၆၇-၃၄၃၁၂၄၂ သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

စာ-၁၃ မှ

### ဂျုံနှင့်အစေ့ထုတ်ပြောင်း

ငါန်ဇွန်၊ မြင်းမူ၊ မြောင်၊ ဆားတောင်၊ ဘုတလင်၊ မုံရွာဒေသတို့မှ ဂျုံများ အသစ်ထွက်ရှိသော်လည်း အဝင်နည်းခြင်း၊ ဂျုံစက်များ အဝယ်နည်းခြင်းကြောင့် ၃တင်းတစ်အိတ် အရည်အသွေးပေါ်မူတည်၍ ၂၀၀၀၀၀ကျပ်မှ ၂၁၀၀၀၀ ကျပ်၊ ရှမ်းဂျုံ ၁၈၃၀၀၀ကျပ်၊ ကလေးဂျုံ ၃တင်းတစ်အိတ် ၁၆၀၀၀၀ကျပ်၊ အထွက်တိုးဂျုံ(သစ်) ၁၆၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နိုင်ငံခြားဂျုံဖြစ်သော ဩစတေးလျဂျုံမှုန့် တစ်ပိဿာ ၃၇၀၀ကျပ်ဖြင့် လက်လီသမား များ အဝယ်ပုံမှန်ရှိနေသည်။ အစေ့ထုတ် ပြောင်းဈေးနှုန်းမှာ အသစ်များဝင်ရောက်မှုရှိသော်လည်း အဝင်နည်း ခြင်း၊ အစာစပ်သမားများ အဝယ်ပုံမှန် ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၈၄၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။

**ခင်မေကြည်**

# စိုက်ပျိုးမွေးမြူရေးပညာနှင့်နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း – ၂၅)

## စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များခေတ်နှင့်အညီလိုအပ်သောဘာသာရပ် နှင့်သုတေသနများ (၁)

(ယခင်အပတ်မှအဆက်)

ဒီတစ်ခါတော့ နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များတွင် ခေတ်နှင့်အညီ ပြောင်းလဲသင်ကြားလျက်ရှိသော၊ အသစ်သင်ကြားနေသော၊ လိုအပ်ချက်အရ သင်ကြားပေးရန် လိုနေသေးသော ဘာသာရပ်များ၊ သုတေသနများ အကြောင်းကို ဆွေးနွေးပါမည်။

**(က) စိုက်ပျိုးပညာပေးရေး (ယခင်ကတိုးချဲ့ပညာပေးရေး) ဘာသာရပ် (Agricultural Extension)**

ဤဘာသာရပ်သည် ကျွန်တော်တို့တက္ကသိုလ်မရောက်မီကတည်းက မန္တလေး စိုက်ပျိုးရေးကောလိပ်ဘဝကတည်းက သင်ကြားခဲ့သောဘာသာရပ် ဖြစ်ပါသည်။ ၁၉၂၄-ခုနှစ် ကတည်းက စိုက်ပျိုးရေးဘာသာရပ် (Agriculture) နောင်လယ်ယာသီးနှံ ဘာသာရပ် (Agronomy)တွင် ဘာသာရပ် အစိတ်အပိုင်းအနေနှင့် သင်ခဲ့ရပါသည်။ ၁၉၆၉-ခုနှစ် ကျောင်းဆင်း ဆရာကြီးဦးတင်ညွန့်တို့ကျောင်းသားဘဝက ဤဘာသာရပ်ကို စိုက်ပျိုးရေး ဌာန အငြိမ်းစား ဆရာကြီး ဦးထွန်းရွှေ ဦးခင်မောင်အေးတို့ သင်ကြားပေးခဲ့သည်ဟူ၍ ပြန်ပြောပါသည်။၁၉၇၉-ခုနှစ် က ကျွန်တော်တို့ နောက်ဆုံးနှစ် လယ်ယာသီးနှံဘာသာရပ်တွင် ဒေါက်တာ ဆလိုင်းထွန်းသန်း က လယ်ယာသီးနှံ၏ တစ်စိတ်တစ်ပိုင်း ဘာသာရပ်အနေ နှင့် စိုက်ပျိုးပညာပေးရေးဘာသာရပ်ကို သင်ယူခဲ့ရသည်ကို မှတ်မိနေပါသည်။

၁၉၈၅-ခုနှစ်တွင် စိုက်ပျိုးပညာပေးရေး ဘာသာရပ်သီးသန့် ခွဲထွက်သွားပြီး ၁၉၈၇-ခုနှစ် ဒေါက်တာဒေါ်ခင်ဦး ဩစတေးလျနိုင်ငံမှမဟာ စိုက်ပျိုးရေးပညာ(စိုက်ပျိုးရေးပညာပေးရေး)ဘွဲ့ရပြီးပြန်လာတော့ နောက်ဆုံးနှစ်တွင် စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက် လူမှု ဗေဒ (Rural Sociology) ဘာသာရပ် ၂-ခု သီးသန့်ခွဲခြား သင်ကြားခဲ့ပါသည်။ ကျွန်တော် ပါမောက္ခချုပ်ဘဝ ၂၀၁၇-ခုနှစ်တွင်တော့ စိုက်ပျိုးပညာပေးရေး သီးခြားဌာန (ပါမောက္ခ) ကြီးကြပ်မှုအဖြစ် အခြားရှိသင့်သော ဘာသာရပ်အသစ်များနှင့်အတူ ပေါ်ထွက်လာခဲ့ပါ သည်။

**တောင်သူလယ်သမားပညာပေးလုပ်ငန်းစနစ်အမျိုးမျိုး (Agricultural Extension Systems)**

(က) အစိုးရမှဆောင်ရွက်ပေးသောတောင်သူပညာပေးစနစ် (Public Agricultural Extension System)

အစိုးရမှ ရန်ပုံငွေပေးပြီး အထူးသဖြင့် စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာနများမှ စီမံဆောင်ရွက်ပါသည်။ ဥပမာ - မြန်မာနိုင်ငံအပါအဝင် တရုတ်၊ ဘရာဇီးလ်၊ ကင်ညာ နိုင်ငံများ

အားသာချက်များ - နိုင်ငံအနှံ့ရောက်ရှိနိုင်၊ အစားအသောက်ဘေးကင်းလုံခြုံရေးနှင့် အပန်းဖြေမှုများပါထည့်တွက်နိုင်

အားနည်းချက်များ - ဗျူရိုကရက်စနစ်ကြောင့် ထိရောက်မှုအားနည်း၊ ဘတ်ဂျက်နှင့် ဝန်ထမ်း အရေအတွက်အားနည်းနိုင်

**(ခ) ပုဂ္ဂလိကမှဆောင်ရွက်နေသော တောင်သူပညာပေးစနစ် (Private Agricultural Extension System)**

ပုဂ္ဂလိကစိုက်ပျိုး၊ မွေးမြူရေးကုမ္ပဏီများ (Private Companies and Agribusiness Firms)၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs – Non-Governmental Organization)မှ ဆောင်ရွက်လေ့ရှိပြီး တောင်သူများက ကုန်ကျစရိတ် အချို့ကျ ထည့်ဝင်ပါသည်။ ဥပမာ - အမေရိကန်၊ နယ်သာလန်၊ ဩစတေးလျနိုင်ငံများ

အားသာချက်များ - သီးနှံ၊ မွေးမြူရေးတိရစ္ဆာန် တစ်မျိုးခြင်း အလိုက် ဆောင်ရွက်ပေးနိုင်၊ အစိုးရစနစ်ထက် ပိုမို အကျိုးရှိကြောင်း သုတေသနများက တင်ပြထား

အားနည်းချက်များ - ကုန်ကျစရိတ်များ၍ တောင်သူငယ်များ မတတ်နိုင်ပါ။ စီးပွားဖြစ် သီးနှံများကို ဦးစားပေးနေ၍ အစားအသောက်လုံခြုံရေး (Food Security)ကို ဦးစား မပေးနိုင်ပါ၊

**(ဂ) အားလုံးရောနှောထားသောတောင်သူပညာပေးစနစ် (Pluralistic Extension System)**

အစိုးရ၊ ပုဂ္ဂလိကရောနှောထားသော တောင်သူပညာပေးနည်းစနစ်ဖြစ်ပါသည်။ ဥပမာ - အိန္ဒိယ၊ ဂါနာ၊ အီးသီး ရိုးပီးယား

အားသာချက်များ - ဘက်ပေါင်းစုံ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ပါသည်။

အားနည်းချက်များ - ကုန်ကျစရိတ်များ၍ တောင်သူငယ်များ မတတ်နိုင်ပါ။ စီးပွားဖြစ် သီးနှံများကိုဦးစားပေးနေ၍ အစားအသောက်လုံခြုံရေး (Food Security)ကို ဦးစား မပေးနိုင်ပါ၊

**(ဃ) တောင်သူမှတောင်သူသို့ဆောင်ရွက်သောတောင်သူပညာပေးစနစ် (Farmer-to-Farmer Extension System)**

အတွေ့အကြုံရှိသောအကျိုးဆောင်တောင်သူများကမိမိတို့ လယ်ယာအနီးရှိ မိတ်ဆွေ တောင်သူအချင်းချင်း ကူညီဆောင်ရွက်ပေးသည့်စနစ်ဖြစ်ပါသည်။ ဥပမာ - မက္ကဆီကို၊ ဖိလစ်ပိုင်၊ ယူဂန်ဒါ

အားသာချက်များ - ကုန်ကျစရိတ် မရှိဘဲ လက်တွေ့ကျပါသည်။ တောင်သူအချင်းချင်း ယုံကြည်မှုတည်ဆောက်ပြီး တောင်သူကွန်ယက် (Fermers Network) ဥပမာ - ဗိုက်ဘာ အုပ်စု (Viber Group) များစွာ ဆောက်တည်နိုင်ပါသည်။

အားနည်းချက်များ -နည်းပညာအသစ်များ ပေးဝေနိုင်မှုအားနည်းပါလိမ့်မည်။ ကျွမ်းကျင် တတ်မြောက်၊ တက်ကြွသော အကျိုးဆောင်တောင်သူ ရွေးချယ်မှု အပေါ်မူတည်၍ အကျိုး ရှိမှုကွာပါလိမ့်မည်။

**(င) သတင်းအချက်အလက်ပညာ အခြေပြုတောင်သူပညာပေးစနစ် (ICT-Based Digital Extension System)**

တက္ကသိုလ်နှင့်သုတေသနဌာနများမှ နောက်ဆုံးပေါ် ခေတ်မီနည်းပညာများဖြင့် တောင်သူများ၏ အခက်အခဲပြဿနာများ၊ ဗဟုသုတဖြစ်စရာ၊ ဝင်ငွေရရှိနိုင်မည့် နည်းလမ်း များကို ဒီဂျစ်တယ်ရပ်ဝန်း (Digital Platforms)၊ တယ်လီဖုန်းပရိုဂရမ်စနစ်များ (Mobile Apps)၊ စာတိုပို့သည့်စနစ် (SMS – Short Message Service)၊ အဝေး အရင်းအမြစ်မှ ဆောင်ရွက် ပေးချက်များ (Online Resources) အသုံးပြုခြင်းဖြစ်ပါသည်။

ဥပမာ - အိန္ဒိယနိုင်ငံ အီး-ချော်ပယ်စနစ် (e-Chopal, India)၊ ကင်ညာနိုင်ငံ အမ်ဖမ်းစနစ် (M-Farm, Kenya)၊ နိုက်ဂျီး နီးယားနိုင်ငံ ဖန်းကရောက်ဒီစနစ် (FarmCrowdy, Nigeria)

အားသာချက်များ - မြန်ဆန်ပြီး တယ်လီဖုန်း၊ အင်တာနက်ရှိပါက အချက်အလက်များဆီ သို့ လွယ်ကူစွာ ရောက်ရှိနိုင်ပါသည်။

အားနည်းချက်များ - တောင်သူနေရာတိုင်းအတွက် လက်ကိုင်ဖုံး (Mobile Phone)၊ အင် တာနက် (Internet) စသည်တို့ ရှိမှ အဆင်ပြေပါလိမ့်မည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲ နိုင်ငံများအတွက် တောင်သူများလက်ဝယ် စမတ်ဖုန်း (Smart Phone) ရှိမှု၊ အင်တာနက် လိုင်းကောင်းမှုများ၊ ဖုန်းဘေလ် သုံးစွဲနိုင်မှုများမှာ စိန်ခေါ်ချက်များ ရှိပါသည်။

**(စ) တက္ကသိုလ်မှဦးဆောင်သော တောင်သူပညာပေးစနစ်များ (University-Led Extension System)**

တက္ကသိုလ်၊ သုတေသနဌာနများ (Universities and Research Institutions) မှ တောင်သူများနှင့် တိုက်ရိုက်ထိတွေ့ပြီး ပညာပေး လုပ်ငန်းများ၊ ကာလတိုသင်တန်းများ (Short-term Practical Training) ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဥပမာ - အမေရိကန်နိုင်ငံ မြေငှားစနစ်အသုံးပြုသော တက္ကသိုလ်များ (US Land-Grant University Extension Service)၊ ဂျာမနီ၊ ကနေဒါ

အားသာချက်များ - သုတေသနအခြေခံပြီး (Research-based) တီထွင်ဖန်တီးမှု ရလဒ် များ (Innovative Approaches) ပါဝင် နိုင်ပါသည်။ သင်တန်းပေးမှု အားသာပြီး ပညာရှင် မွေးထုတ်မှု သင်ကြားရင်းလေ့ကျင့် ပြုလုပ်ပေးနိုင်ပါသည်။

အားနည်းချက်များ - ပညာရပ်ဆိုင်ရာဝန်းကျင် (Academic Circles) မှနေ တောင်သူ လက်တွေ့ဘဝထိတွေ့မှု အားနည်းနိုင်ပါသည်။ လက်တွေ့ကျမှု (Lack of Practical and Field Experience) အားနည်းနိုင်ပါသည်။

**(ဆ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ တောင်သူပညာပေးစနစ် (Non-Governmental Organization – NGO-based Extension System)**

မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများအပြားတွင် အစိုးရမဟုတ်သော

စာ-၁၁ သို့

# မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ အကြိမ်(၃၀)မြောက်အစည်းအဝေးကျင်းပ



နေပြည်တော် မတ် ၁၉

**မျိုး**စေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ ၏ အကြိမ်(၃၀)မြောက် အစည်းအဝေးကို မတ် ၁၉ ရက်နေ့ မွန်းလွဲပိုင်း က နေပြည်တော် ရုံးအမှတ်(၄၃) စိုက်ပျိုးရေးဦးစီးဌာန ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ကြောင်း သိရှိရသည်။

အစည်းအဝေးတွင် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြည်တွင်းမှ ထုတ်လုပ်သော သီးနှံမျိုးများကို အဓိကထားသုံးစွဲနိုင်ရေး စီမံဆောင်ရွက်ခြင်းဖြင့် ပြည်ပမှ တင်သွင်းအသုံးပြုရသည့် မျိုးစေ့များ အပေါ်မှီခိုနေရမှုနှင့် နိုင်ငံခြားငွေသုံးစွဲရမှု လျှော့ချနိုင်ရေး စီမံဆောင်ရွက်ကြရန်၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးတက္ကသိုလ်တို့အနေဖြင့် မျိုးစေ့ထုတ်လုပ်ခြင်းဆိုင်ရာ သုတေသနပြုလုပ်ငန်းများမြှင့်တင်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ ပြည်ပမှတင်သွင်းသည့် စပ်မျိုးစပါးမျိုးစေ့များ သုံးစွဲရာတွင် စနစ်တကျ စိစစ်ဆောင်ရွက်ရန်၊ ဆန်စပါး ပြည်တွင်း စားသုံးမှု ဖူလုံပြီးဖြစ်သော မိမိတို့နိုင်ငံအနေဖြင့် ပြည်တွင်းရှိပြီး မျိုးများကိုသာ မျိုးကောင်း မျိုးသန့်များ ရွေးချယ်ပွားများ စိုက်ပျိုးကြရန်ဖြစ်ကြောင်း၊ မျိုးစပ်ခြင်း Hybrid Technology နည်းပညာ တိုးတက်နေသော်လည်း ပြည်ပမျိုးနှင့် ပြည်တွင်း မျိုးယှဉ်ပြိုင်နိုင်ရန် လိုအပ် နေသေးကြောင်း၊ ပြည်တွင်း အရည်အသွေးကောင်းမျိုးများ ထုတ်လုပ်နိုင်ရေး အားပေးမြှင့်တင်ပေးမှသာ နည်းပညာ ပိုမိုတိုးတက်လာပြီး ပြည်တွင်းပညာရှင်များလည်း မျိုးသစ်များ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အစေ့ထုတ်ပြောင်းမျိုးများကို ပြည်တွင်း၌ မျိုးစပ်ထုတ်လုပ်ခြင်းကို အားပေးလျက် ရှိကြောင်း၊ ပြည်တွင်းထုတ် မျိုးစေ့ရရှိနိုင်မှုအပေါ် မူတည်ပြီး လိုအပ်မှသာ ပြည်ပမျိုးတင်သွင်းခြင်းကို ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ ပေါ်ဆန်းစပါး စိုက်ပျိုးထုတ်လုပ်ခြင်းကို အားပေးမြှင့်တင်ပြီး ပြည်တွင်းစားသုံးမှု ဖူလုံရေးအပြင် ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေးအတွက် ပေါ်ဆန်းစပါး မျိုးစေ့ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး အားပေးဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြန်မာ့ပေါ်ဆန်းစပါးဟု သတ်မှတ်နိုင်ရန်အတွက် ပေါ်ဆန်းမျိုးများထဲမှ စစ်မှန်သောမျိုးကို ရွေးချယ်ပွားများထုတ်လုပ်ရန် ပညာရှင်များက ကြိုးကြပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးတွင် ပုဂ္ဂလိကကုမ္ပဏီများက မျိုးသစ်အသိအမှတ်ပြုလက်မှတ်ရရှိရေး တင်ပြလာသည့် သီးနှံမျိုးများနှင့် အထွေထွေကိစ္စရပ်များကို အစည်းအဝေးတက်ရောက်လာကြသည့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီဝင်များက အသေးစိတ် စိစစ် ဆွေးနွေး ဆောင်ရွက်ခဲ့ကြကြောင်း သတင်း ရရှိသည်။

**MOALI**

စာ-၁၀ မှ

နိုင်ငံတကာ အဖွဲ့အစည်းများ (International NGO) နှင့် ပြည်တွင်းရှိ အဖွဲ့အစည်းများ (Local NGO) သည် လုပ်ကွက်ငယ်တောင်သူများနှင့် အထိခိုက်မခံနိုင်သော (Small-Scale and Velnerable Farmers) အထိ တောင်သူပညာပေးလုပ်ငန်းများကို ဆောင်ရွက်ကြပါသည်။ ဥပမာ - အာဖရိကန်နှင့် တောင်အာရှနိုင်ငံများ

အားသာချက်များ - ကျန်အဖွဲ့အစည်းများ မရောက်နိုင်သော တောင်သူငယ်ကလေး များကိုဦးတည်ပါသည်။ကျေးလက်ဒေသဖွံ့ဖြိုးရေး (Rural Development) အစီအစဉ်များ ဖြင့် ပူးတွဲဆောင်ရွက်ပါသည်။

အားနည်းချက်များ - ထောက်ပံ့ပေးသော အဖွဲ့အစည်း (Donor Organizations) များအ ပေါ်မူတည်နေပါသည်။ စီမံကိန်း (Projects) ရပ်သွားပါက ရေရှည်တည်တံ့ခိုင်မြဲမှု ပြဿနာ (Sustainable Problems) အခက်အခဲ ရှိပါသည်။

### (ဓ) သမဝါယမအခြေခံ တောင်သူပညာပေးလုပ်ငန်းများ (Cooperative-Based Extension System)

သမဝါယမစနစ်ကိုအခြေခံပြီး တောင်သူပညာပေးလုပ်ငန်း အောင်မြင်နေသည့် နိုင်ငံများ ရှိပါသည်။ ဥပမာ - ဂျပန်၊ အစ္စရေးနိုင်ငံများ

အားသာချက်များ - တောင်သူအဖွဲ့အစည်းများ (Farmers organization) ကို အခြေခံ သဖြင့်အတိုင်းအတာတစ်ရပ်အထိအောင်မြင်ပါသည်။ အများစုက ဈေးကွက်ကိုသိပြီး ဈေးနှိမ် ဝယ်ယူခံရမှုနည်းပါသည်၊

အားနည်းချက်များ - သမဝါယမအဖွဲ့ဝင်မဟုတ်သူများ (Non-members) ကျန်ရစ်ခဲ့ နိုင်ပါ သည်။

### အမေရိကန်နိုင်ငံ၏တက္ကသိုလ်နှင့်ပူးတွဲဆောင်ရွက်နေသော တောင်သူပညာပေးလုပ်ငန်းများ (University-led Agricultural Extension Systems in US Universities)

ဤစနစ်သည်အမေရိကန်နိုင်ငံတွင် ပြည်နယ်အလိုက် တက္ကသိုလ်များမှ စိုက်ပျိုးပညာ ပေးလုပ်ငန်းကို ပြည်နယ်အစိုးရဌာနများနှင့်ပူးတွဲလုပ်ဆောင်ပေးနေခြင်းဖြစ်ပါသည်။ အထူး သဖြင့်တောင်သူများ(Farmers)၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာလုပ်ငန်းရှင်များ(Agribusinesses)၊ကျေးလက်နေလူထု(Rural Communities)အတွက်တက္ကသိုလ်များ၏ စိုက်ပျိုးမွေးမြူရေးသုတေသနတွေ့ရှိချက်များ (Research-based Knowledge)ကို ဖြန့်ဝေ၊ပညာပေး သော စနစ်ဖြစ်ပါသည်။ သူတို့အခေါ် စုပေါင်းပညာပေးစနစ် (CES – Cooperative Extension System)ကို အမေရိကန်တစ်နိုင်ငံလုံး ဗဟိုအစိုးရ (Federal)၊ ပြည်နယ်အစိုးရ (State)၊ ဒေသဆိုင်ရာအစိုးရ (Local Governments) များနှင့် ပြည်နယ်/တိုင်းတွင် မြေငှားစနစ်ကို ကျင့်သုံးသော တက္ကသိုလ်များ (Land-Grant Universities) မှ ပူးပေါင်းဆောင်ရွက်နေကြပါသည်။ဤစနစ် အောင်မြင်နေရခြင်း အဓိကအကြောင်းရင်းမှာ တက္ကသိုလ်များတွင် ဗဟိုချုပ် ကိုင်မှုစနစ်လျှော့ချပြီး(Decentralization)မိမိတက္ကသိုလ်အလိုက် ပါမောက္ခချုပ်နှင့်ပါမောက္ခများအဖွဲ့ကို ကုမ္ပဏီပိုင်ရှင်များ၊ စီးပွားရေးသမားများ၊အငြိမ်းစားဆရာ/ဆရာမများ၊အငြိမ်းစား သုတေသနပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော တက္ကသိုလ်ကောင်စီ (University Council) သို့မဟုတ် စီမံခန့်ခွဲရေးဘုတ်အဖွဲ့ (Board of the Trustees) က လွတ်လပ်စွာ ထိန်းကြောင်း၊ မွမ်းမံကြီးကြပ်ပေးခြင်း (University Autonomy System) ဖြစ်ပါသည်။

အမေရိကန်စနစ်အရ တက္ကသိုလ်များက ဆောင်ရွက်ရန် တာဝန် ၃ ရပ်ရှိပါသည်၊ သင်ကြားရေး (Teaching)၊ သုတေသန (Research) လူထုပညာပေးရေး/ဝန်ဆောင်မှု(Extension/Service)စသည်တို့ ဆောင်ရွက် လေ့ ရှိပါသည်။

ဤဘာသာရပ် သင်ကြားလျက်ရှိသော ကမ္ဘာ့တက္ကသိုလ် အချို့မှာ -

(I) မဲလ်ဘုန်းတက္ကသိုလ်၊ ဩစတေးလျ (Melbourne University, Australia)

ဩစတေးလျနိုင်ငံနှင့်အခြားနိုင်ငံများ၏ စိုက်ပျိုး ပညာပေးရေးမူဝါဒနှင့် လက်တွေ့ ကျင့်သုံးပုံများ (Agricultural Extension Policy and Practice in Australia and Overseas countries)၊ လူမှုဘဝပြောင်းလဲနေသော အခြေအနေများ (Social Theories of Changes)၊ တောင်သူပညာပေးလက်တွေ့ဆောင်ရွက်ပုံများ (Extension Delivery Strategies, Theories, Practices) စသည်တို့ကိုသင်ကြား ပေးပါသည်၊

(II) ပင်ဆယ်ဗေးနီးယားပြည်နယ်တက္ကသိုလ်၊ အမေရိကန်နိုင်ငံ (Pennsylvania State University, US)

စိုက်ပျိုးပညာပေးရေးခေါင်းဆောင်မှုနှင့်စီမံအုပ်ချုပ်မှု (Leadership and Administration in Agricultural Extension Education)၊ ခေါင်းဆောင်မှု သီအိုရီနှင့်သဘောတရားများ (Theories, Concepts and Principles of Leadership)၊ ကျေးလက်ဒေသအုပ်စုအလိုက်တွဲဖက်ဆောင်ရွက်ပုံနည်းလမ်းများ (Methods of Community Management) စသည်တို့ကို သင်ကြားပေးပါသည်။

(III) ယူပီလယ်ဘီ၊ ဖိလစ်ပိုင်တက္ကသိုလ်၊ ဖိလစ်ပိုင်နိုင်ငံ (UPLB – University of Philippines, Los Banos, Philippines)

တောင်သူဦးကြီး၊ လူကြီးများအား သင်ကြားပေးနည်းစနစ်များ (Adult Education and Training)၊ တောင်သူ ပညာပေး သင်ကြားနည်းစနစ်များ (Extension Teaching Methodologies)၊ တောင်သူအစုအဖွဲ့ဖွံ့ဖြိုးနည်းစနစ်များ (Community Development) စသည် တို့ကိုသင်ကြားပေးပါသည်။(အခြားဘာသာရပ်များ သင်ကြားမှုကို ဆက်ပါဦးမည်)

ဒေါက်တာမျိုးကြွယ်




၂၅-၃-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## ဆန်

ရွှေဘိုပေါ်ဆန်းဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၄၈၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၄၅၀၀၀ ကျပ်နှုန်း၊ ရွှေဘိုပေါ်ဆန်း အသစ် အလတ်စတစ်တင်းခွဲတစ်အိတ်လျှင် ၁၃၃၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၃၀၀၀၀ကျပ်နှုန်း၊ ဖျာပုံပေါ်ဆန်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၂၀၀၀၀ ကျပ်နှုန်း၊ ပေါ်ကျွဲဆန် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၁၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၀၀၀၀၀ ကျပ်နှုန်း၊ ဧည့်ယာဆန် ပောင်းအလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၈၁၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၈၀၀၀၀ ကျပ်နှုန်း၊ ဧည့်မထဆန် ၂၅ ရာခိုင်နှုန်းအကြမ်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၆၃၅၀၀ ကျပ်နှင့် အောက်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၆၃၀၀၀ကျပ်နှုန်း၊ ငစိန်ဆန်အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၆၆၀၀၀ ကျပ်နှုန်းနှင့်အောက်စ တစ်အိတ်လျှင် ၆၅၀၀၀ ကျပ်နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံ၏ပြည်ပတင်ပို့သော ဆန်ကြမ်း ဈေးနှုန်းများလည်း ဈေးနိမ့်ကာ အရောင်းအဝယ်အေးလျက်ရှိသည်။ ဆက်လက်၍ပြည်တွင်းရှိ လက်ကားဈေးကွက်တွင်လည်း ဆန်ကြမ်းဈေးနှုန်းများ သိသာစွာဈေးနိမ့်လာခဲ့သည်။ပြည်တွင်းစားသုံးမှုများသော ဆန်ချော၊ ဆန်လတ်များမှာကုန်အဝင်ပုံမှန်ရှိခြင်းနှင့် စားသုံးသူများမှ ဝယ်လိုအားနည်းနေမြဲဖြစ်ခြင်းကြောင့် ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။ ဧည့်မထဆန်ကြမ်းဈေးနှုန်းများမှာ မတ်လအလယ်ခန့်မှစ၍ ဆန်တစ်အိတ်လျှင် ၁၀၀၀ ကျပ်ခန့် ဆက်လက်ကျဆင်းလာခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှု ပုံမှန်ရှိခဲ့ပြီး စားသုံးသူများမှလည်း ပုံမှန်ဝယ်ယူမှုရှိခဲ့ကြောင်း သိရသည်။

## အစေ့ထုတ်ပြောင်း

ဖေဖော်ဝါရီလအတွင်းတွင် အစေ့ထုတ်ပြောင်း ၅၄ ပိဿာ၏ ပျမ်းမျှ ဈေးနှုန်းမှာ ၉၁၂၆၀ ကျပ်ဖြစ်ခဲ့သော်လည်း မတ်လဆန်းမှ စတင်ကာ တတိယရက်သတ္တပတ်တိုင်အောင် ၉၀၇၂၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ ယခုရက်သတ္တပတ်၊ မတ်လစတုတ္ထပတ်တွင်မူ ယခင်လ၏ ဈေးနှုန်း ၉၁၂၆၀ ကျပ်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ လတ်တလောတွင် အစေ့ထုတ်ပြောင်း လက်ကျန်အလွန်နည်းလာချိန် ဖြစ်ခြင်း၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနှင့် အခြားနိုင်ငံအချို့မှ ဝယ်ယူမှုရှိခြင်း၊ ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်နိုင်မှုနှင့် ပြည်ပနိုင်ငံများ၏ ဝယ်လိုအား အခြေအနေများကြောင့် အစေ့ ထုတ်ပြောင်းဈေးနှုန်းများ ပြန်လည်မြင့်တက်လာနိုင်ကြောင်းလည်း သုံးသပ်မှုများရှိခဲ့သည်။

## စားဖိုဆောင်သီးနှံ

ဈေးကွက်သို့လှောင် ကြက်သွန်၊ နွေကြက်သွန်အသစ်များ စတင်ဝင်ရောက်လာချိန်ဖြစ်ခြင်း၊ မိုးကြက်သွန်လက်ကျန်များ ရောင်းလိုအားများခြင်း၊ ဈေးကွက်သို့ မိုးနှင့် နွေကြက်သွန်နီများ ကုန်အဝင်များခြင်း၊ ပြည်ပတင်ပို့ရာတွင်လည်း အိန္ဒိယနိုင်ငံ၏ ကြက်သွန်နီဈေးနှုန်းများကျဆင်းနေချိန်ဖြစ်ခြင်းကြောင့် ထိုင်း၊ မလေးရှားနှင့် ဗီယက်နမ်ဈေးကွက်တွင် အိန္ဒိယကြက်သွန်နီနှင့် ယှဉ်ပြိုင်ရောင်းချရကာ ဈေးနိမ့်လာခြင်း၊ ပြည်တွင်း စားသုံးသူများမှလည်း လိုသလောက်သာဝယ်ယူမှုရှိခြင်းတို့ကြောင့် ကြက်သွန်နီ(လတ် နှင့် သေး)မှာ ယခင်အပတ်ထက် ဈေးနိမ့်ခဲ့ပြီး ကြက်သွန်နီ(ထူး) တစ်စသာ အရည်အသွေး အလွန် ကောင်းခြင်းကြောင့် ယခင်အပတ်ထက် အနည်းငယ် ဈေးမြင့်လာခဲ့သည်။ ကြက်သွန်နီ (ထူး၊လတ်၊ သေး) တစ်ပိဿာလျှင် ယခင်အပတ် ပျမ်းမျှ ဈေးနှုန်းမှာ ၂၁၅၀-၂၀၂၅-၁၆၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၁၆၃-၁၈၆၃-၁၃၁၃ ကျပ်ဖြစ်သည်။ ရန်ကုန် ဈေးကွက်သို့ မြစ်သား၊ ဆိပ်ဖြူ၊ မုံရွာ၊ တောင်တွင်း၊ မင်းဘူး၊ မင်းလှ၊ မလှိုင်၊ ပခုက္ကူဒေသများမှ ကုန်အဝင်များ ခဲ့ကြောင်း သိရသည်။ ကြက်သွန်ဖြူ ဈေးနှုန်းများမှာလည်း ဈေးကွက်သို့ ကုန်အဝင်လှိုင်ခြင်းနှင့် စားသုံးသူများမှဝယ်လိုအားနည်းခြင်းတို့ကြောင့် ယခင်အပတ်ထက်ဈေးနိမ့်ခဲ့သည်။ ဆင်ဖြူကျွန်း မြင်းခြံနှင့် အောင်ပန်းဒေသများမှ ကြက်သွန်ဖြူ ကုန်အဝင်လှိုင်ခြင်း၊ ကြူကုတ်ကြက်သွန်ဖြူများ ထက်ဈေးချိုခြင်း၊ အသစ်လှိုင်ချိန်ဖြစ်၍ ရောင်းလိုအားများခြင်းတို့ကြောင့် ကြက်သွန်ဖြူ(ရှမ်း) ဈေးနှုန်းများမှာ ယခင်အပတ်ထက်ဈေးနိမ့်ခဲ့သည်။ ကြက်သွန်ဖြူ(ကြူကုတ်)မှာလည်း ကုန်အဝင်ပုံမှန်ရှိခြင်းနှင့် စားသုံးသူများမှ ဝယ်လိုအားနည်းလာခြင်းတို့ကြောင့် ယခင် အပတ်ထက်ဈေးနိမ့်ခဲ့သည်။ ကြက်သွန်ဖြူ(ရှမ်း) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်း မှာ ၆၇၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၅၂၅၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ ကြက်သွန်ဖြူ(ကြူကုတ်)တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၁၃၂၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၁၃၀၀၀ ကျပ်ဖြစ်သည်။ တရုတ်အာလူးနှင့် ရှမ်းအာလူးများ ဈေးကွက်သို့ ကုန်အဝင်ပုံမှန်ရှိလာခြင်း စားသုံးသူများမှ ဝယ်လိုအားနည်းခြင်းတို့ကြောင့် ယခင်အပတ်ထက် အနည်းငယ်ဈေးနိမ့်လာခဲ့သည်။ ရှမ်းအာလူးဈေးနှုန်းများမှာ ဈေးနှုန်းကောက်ယူနိုင်ခြင်းမရှိပါ။ တရုတ်အာလူးတစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၃၅၀၀ ကျပ်ဖြစ်ပြီး ယခုအပတ် ဈေးနှုန်းမှာ ၃၃၀၀ ကျပ်ဖြစ်သည်။ ငရုတ်ခြောက် ဈေးနှုန်းများမှာ ရာသီဥတုပူလာခြင်းကြောင့် ငရုတ်ခြောက်ထွက်ရှိမှုပိုလာခြင်း၊ ရာသီပူလာခြင်းကြောင့် စားသုံးသူများမှ ဝယ်ယူစားသုံးမှု နည်းခြင်းတို့ကြောင့် ဈေးနိမ့်ခဲ့သည်။ ငရုတ်ခြောက်(ရှည်)မှာ ပန်းရဲ၊ မြားနီငရုတ်အသစ်များ အအေးခန်းလှောင်စများအဝင်ပုံမှန်ရှိခြင်း၊ အရည်အသွေးကောင်းခြင်း၊ ဝယ်လိုအားပုံမှန်ရှိခြင်း တို့ကြောင့် ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့သည်။ ငရုတ်ခြောက် (လတ်)မှာ မြစ်ဝ(မိုးထောင်)တစ်မျိုးသာ ကုန်အဝင်ရှိသော်လည်း ကုန်အဝင်ပိုလာချိန်ဖြစ်သည်။ ငရုတ်ခြောက်(ပွ)မှာ ဆင်ဖြူကျွန်းငရုတ်တစ်မျိုးသာ ကုန်အဝင်ပုံမှန်ရှိခဲ့သော်လည်း စားသုံးသူ များမှာ ဈေးမြင့်ခြင်းနှင့် ရာသီဥတုပူခြင်းတို့ကြောင့် ဝယ်ယူစားသုံးမှုနည်းခဲ့သည်။ ထို့ကြောင့် ငရုတ်ခြောက်(ရှည်၊လတ်၊ ပွ) တစ်ပိဿာလျှင် ယင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၈၇၅၀-၉၅၀၀-၁၆၇၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၈၇၅၀-၈၅၀၀-၁၄၂၅၀ ကျပ်ဖြစ်သည်။

## စားသုံးဆီ

စားအုန်းဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ၂၀၂၅ ခုနှစ်၊ မတ် ၂၄ ရက်မှ ၃၀ ရက်အထိ ကုန်ဆုံးသော ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကား ရည်ညွှန်း ဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၆၈၅၅ ကျပ်ဖြစ်ပြီး ယခင်အပတ် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဆီတစ်ပိဿာလျှင် ၂၀ ကျပ် ဈေးနိမ့်သွားသည်။ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံများတွင် မိုးရွာသွန်းမှုများနှင့် ရေကြီးမှုများရှိခဲ့ခြင်းကြောင့် စားအုန်းဆီ အထွက်နှုန်းကျဆင်းခဲ့ခြင်း၊ ဇီဝလောင်စာဆီအဖြစ် တိုးမြှင့် အသုံးပြုမှုများလာခြင်း၊ ဆီကြမ်းပို့ကုန်အခွန်နှုန်းထားများ မြင့်တက်ကာ ကမ္ဘာ့စားအုန်းဆီဈေးမှာ ပဲပုပ်ဆီဈေးနှုန်းများထက် ဈေးမြင့်မှု ဖြစ်ပေါ်စေခဲ့သည်။ ထို့ကြောင့် ဟင်းသီးဟင်းရွက်ဆီ အဓိကဝယ်လက်ဖြစ်သည့် အိန္ဒိယနိုင်ငံ သည် စားအုန်းဆီထက်ပိုမိုတွက်ချေကိုက်သော ပဲပုပ်ဆီများအား ပိုမိုတင်သွင်းလာခြင်းကြောင့် စားအုန်းဆီ ဝယ်လိုအားများကျဆင်းကာ ဈေးနိမ့်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မတ်လ တွင် စားအုန်းဆီထုတ်လုပ်မှု တိုးတက်ကောင်းမွန်လာနိုင်သော်လည်း တင်ပို့မှုအခြေအနေမှာ ကောင်းနိုင်ဖွယ်မရှိသေးကြောင်းလည်း ခန့်မှန်းထားကြသည်။ ပြည်တွင်း၌လည်း စားအုန်းဆီများအား ပုံမှန်တင်သွင်းမှုရှိနေခြင်း၊ စားသုံးသူများက လိုသလောက်သာ ဝယ်ယူမှုရှိခြင်းတို့ကြောင့် ပြင်ပဈေးကွက်တွင်လည်း စားအုန်းဆီ ဈေးနှုန်းများ ကျဆင်းတည်ငြိမ်လာကြောင်း သိရသည်။ စားအုန်းဆီတစ်ပိဿာလျှင် ပြင်ပပေါက်ဈေးမှာ ၁၂၀၀၀ ကျပ်ဝန်းကျင်ဖြစ်သည်။ ပြင်ပရှိ လက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင်အချို့၌ ရည်ညွှန်း ဈေးနှုန်းထက်များစွာ မကွာသော ဈေးနှုန်းများဖြင့် တစ်အိမ်ထောင်လျှင် စားအုန်းဆီ ၅၀ ကျပ်သားနှုန်းဖြင့် ရောင်းချ ပေးလျက်ရှိသည်။

**အေးသန္တာဝင်း**

■

## ဆန်

ရွှေဘိုပေါ်ဆန်းမှာ ရွှေဘိုဒေသတစ်ခုထဲမှ ဝင်ရောက်သော ဆန်ဖြစ်ခြင်း၊ အဝင်နည်းခြင်း၊ အဟောင်းလက်ကျန်မရှိတော့ခြင်း၊ မြို့တွင်းစားသုံးမှု များခြင်းတို့ကြောင့် တစ်အိတ် ၁၂၅၀၀၀ကျပ်မှ ၁၃၀၀၀၀ကျပ်သို့ ဈေးမသိမသာမြင့်သွားပြီး ရန်ကုန်ပေါ်ဆန်း မှာ အဝင်များလာခြင်း အသစ်အားမြို့တွင်းသုံးစွဲမှုနည်းသေးခြင်းကြောင့် တစ်အိတ် ၁၁၅၀၀၀ ကျပ်မှ ၁၁၀၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။ မနောသုခဆန်မှာ အသစ်ဝင်ရောက်သော်လည်း အဟောင်းလက်ကျန်နည်းသွားခြင်းကြောင့် တစ်အိတ် ၇၆၀၀၀ ကျပ်မှ ၇၈၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ဧယာမျိုးနွယ်ဝင်ဆန်များမှာ ပြည်ပပို့ရန် အဝယ်နည်းခြင်း အဝင်ပုံမှန်ရှိသော်လည်း ပင်ရင်းဈေးနိမ့်ခြင်းကြောင့် တစ်အိတ် ၉၀၀၀၀ကျပ်မှ ၈၅၀၀၀ကျပ်သို့ ဈေးနိမ့်သွား သည်။ ငစိန်ဆန်မှာ လုပ်ငန်းသမားအဝယ်ပုံမှန်ရှိသော်လည်း အသစ်ဝင်ရောက်မှုရှိ၍ ပင်ရင်းဈေးမသိမသာ နိမ့်ခြင်းကြောင့် တစ်အိတ်ယခင်အပတ် ၇၆၀၀၀ကျပ်မှ ၇၄၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ ဧရာမင်းဆန်မှာ အသစ်များသာဝင်ရောက်မှုများခြင်း အဟောင်းလက်ကျန်နည်းခြင်းကြောင့် အသစ်များတစ်အိတ် ၁၂၀၀၀၀ ကျပ်မှ ၁၁၅၀၀၀ကျပ်သို့ ဈေးနိမ့်သွားပြီး အဟောင်းတစ်အိတ် ၁၃၅၀၀၀ ကျပ် သို့ ဈေးမသိမသာမြင့်သွားသည်။

အညံ့ဆုံးတစ်ပိဿာ ၂၅၀၀ကျပ်ဖြင့် မြို့တွင်းသုံးစွဲရန် ဝယ်ယူမှုရှိသည်။ ပြင်ဦးလွင်နှင့် အောင်ပန်းမှ အာလူးများဝင်ရောက်မှုရှိပြီး မြို့တွင်းသုံးစွဲမှုသာရှိခြင်းကြောင့် တစ်ပိဿာလျှင် ပြင်ဦးလွင်အာလူး ၄၀၀၀ကျပ်၊ အောင်ပန်းအာလူး ၄၅၀၀ကျပ်ဈေးရှိသည်။

## ပဲမျိုးစုံ

မတ်ပဲ အဝင်ပုံမှန်ရှိခြင်း၊ ပဲခွဲစက်များ ပုံမှန်ဝယ်ယူမှုရှိသော်လည်း ရန်ကုန်ဝယ်လက်နည်းခြင်းကြောင့် ၃တင်းတစ်အိတ် ၂၈၃၀၀၀ကျပ် မှ ၂၈၂၀၀၀ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။ ပဲတီစိမ်း(အညာ)မှာ အရည်အသွေးပေါ်မူတည်၍ ဈေးကွာ ခြားပြီး အရည်အသွေးကောင်းများအား ရန်ကုန်ဝယ်လက်ရှိပြီး ၃တင်းတစ်အိတ် ၃၀၀၀၀၀ကျပ်၊ ပဲခွဲစက်များ အရည်အသွေးညံ့ ၃တင်းတစ်အိတ် ၂၆၀၀၀၀ကျပ်ဖြင့် ရောင်းဝယ်နေသည်။ ပဲစဉ်းငုံ(ဖြူ/နီ) တို့မှာ အသစ်များဝင်ရောက်ခြင်း၊ ရန်ကုန်သမားအဝယ်နည်းခြင်း၊ ပဲခွဲစက်များ အဝယ် ပုံမှန်ရှိခြင်းကြောင့် ပဲစဉ်းငုံ(ဖြူ) ၃တင်းတစ်အိတ် ၂၇၅၀၀၀ကျပ်၊ ပဲစဉ်းငုံ(နီ) မှ ၂၇၈၀၀၀ကျပ်ဖြင့် ဈေး တည်ငြိမ်နေသည်။ ကုလားပဲ(လုံးဖြူကြီး)မှာ အသစ်အဝင်ရှိခြင်းကြောင့် လုပ်ငန်းသမား၊ ပဲကြော်/လှော်သမား အဝယ်ရှိသော်လည်း ၃တင်းတစ်အိတ် ၂၃၃၀၀၀ကျပ်မှ ၂၃၁၀၀၀ကျပ်သို့ ဈေးမသိမသာ နိမ့်သွားပြီး ကုလားပဲ(လုံးဝါကြီး)မှာ အသစ်

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၂၅-၃-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




## ဆီထွက်သီးနှံ

မြေပဲ(လုံးဆန်) ဈေးနှုန်းမှာ အဝင်ပုံမှန်ရှိခြင်း၊ လုပ်ငန်းသမားအဝယ်နည်း၍ အရောင်းအဝယ်အေးခြင်းကြောင့် လုံးဆန်(သစ်) ၁၀၀ ပိဿာ အရည်အသွေးအကောင်းဆုံး ၈၇၀၀၀၀ကျပ်၊ မြင်းမူလုံးဆံ ၉၅၀၀၀၀ကျပ် အညာဆံ ၈၄၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ မြေပဲ(ဆီဆန်)မှာ ဆီစက်သမားအဝယ်ပုံမှန် အဝင်ပုံမှန်ရှိခြင်းကြောင့် ၁၀၀ ပိဿာ ၈၂၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နှမ်းမျိုးစုံတို့အနက် နှမ်းဖြူနှင့် နှမ်းညိုမှာ ယခုအပတ်ဝယ်လိုအားရှိသော်လည်း ရောင်းလိုအားနည်း ခြင်းကြောင့် ယခင်အပတ်ဈေးနှုန်းအတိုင်း နှမ်းဖြူ ၄၅ ပိဿာ ၃၂၀၀၀၀ကျပ်၊ နှမ်းညို ၃၀၀၀၀၀ ကျပ်ဖြင့် ဈေးသာရှိသည်။ နှမ်းနက်မှာ လုပ်ငန်းသမား ရန်ကုန်သမား အဝယ်ရှိသော်လည်း အရောင်းအဝယ်ဖြစ်မှု နည်းခြင်းကြောင့် ၄၅ ပိဿာ ၅၇၅၀၀၀ ကျပ်မှ ၅၄၅၀၀၀ကျပ်သို့ ဈေးနိမ့်သွား သည်။ ပန်းနှမ်းဈေးနှုန်းမှာ အဝင်နည်းခြင်း ဘယဆေးသမားနှင့် ရောဆီအတွက် ဆီစက်သမား အဝယ်ရှိခြင်းကြောင့် ၄၅ ပိဿာလျှင် ယခင်အပတ် ၂၄၅၀၀၀ကျပ်မှ ၂၅၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ နေကြာဈေးနှုန်းအနေဖြင့် အဝင်နည်းသွားခြင်း ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၂၇ ပိဿာ ၁၆၅၀၀၀ ကျပ်မှ ၁၈၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

## စာဖိုဆောင်သီးနှံ

ငရုတ်ခြောက်(ရှည်)များ ဧရာဝတီတိုင်းမှ အသစ်များဝင်ရောက်ခြင်း အရည်အသွေးကောင်းခြင်းကြောင့် တစ်ပိဿာ ၁၃၀၀၀ကျပ်ထိ ဈေးမြင့်သွားပြီး ငရုတ်ခြောက်(လတ်)မှာ လည်း လက်ကျန်အဟောင်းများ မဝင်တော့ဘဲ စစ်ကိုင်းဘက်မှ ဝင်ရောက်ပြီး အရည်အသွေကောင်းများဖြစ်၍ တစ်ပိဿာ ၉၀၀၀ကျပ်မှ ၁၄၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ငရုတ်ခြောက်(ပွ)မှာ ဆင်ဖြူကျွန်း(ပွ)များ အဝင်နည်း ပစ္စည်းရှားသွားပြီး အရည်အသွေးပေါ်မူတည်၍ တစ်ပိဿာ ၁၆၀၀၀ကျပ်မှ ၁၈၀၀၀ ကျပ် ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်နေပြီး ဧရာဝတီတိုင်းမှ ဝင်ရောက်သော အပွများမှာ ဝင်ရောက်စကာလဖြစ်၍ တစ်ပိဿာ ၁၈၀၀၀ မှ ၂၀၀၀၀ကျပ်ဖြင့် မြို့တွင်းသုံးနှင့်အနီးဝန်းကျင် မြို့များသို့ အမှာရှိပါက တင်ပို့မှုရှိသည်။ ကြက်သွန်နီဈေးနှုန်းမှာ မြစ်သားကြက်သွန်များအဝင်များပြီး လမ်းပန်းဆက်သွယ်ရေးကြောင့် အင်းတော်၊ ဖားကန့်၊ ထီးချိုင့်၊ နမ့်မားသို့ တင်ပို့ရမှုနည်းခြင်း၊ မုံရွာကြက်သွန်များလည်း ဝင်ရောက်ခြင်းကြောင့် ကြီးတစ်ပိဿာ ၂၅၀၀ကျပ်၊ လတ်တစ်ပိဿာ ၂၃၀၀ ကျပ် သေးတစ်ပိဿာ ၂၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ကြက်သွန်ဖြူ(တရုတ်)မှာ အဝင်ပုံမှန်၊ မြို့တွင်းသုံးပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၁၃၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ကြက်သွန်ဖြူ(မြန်မာ)မှာ အဝင်းများလာခြင်း မြို့တွင်းသုံးမှုသာရှိခြင်းကြောင့် တစ်ပိဿာ အရည်အသွေးအနိမ့်ဆုံး ၆၀၀၀ကျပ်မှ ၅၀၀၀ကျပ် အကောင်းဆုံး ၉၀၀၀ကျပ်မှ ၈၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ ကြက်သွန်ဖြူ (ရှမ်း)များလည်း စတင်ဝင်ရောက်မှုရှိပြီး အရည်အသွေးညံ့သောကြောင့် အကောင်းဆုံးတစ်ပိဿာ ၆၀၀၀ကျပ်

အဝင်ပုံမှန်၊ ပဲခွဲစက်များ အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ် အိတ် အရည်အသွေးပေါ်မူတည်၍ ၂၀၈၀၀၀ကျပ်မှ ၂၀၂၀၀၀ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ခွဲစက်များ ဝယ်ယူ မှုပုံမှန်ရှိသည်။ ပဲယင်းမှာ ပဲခွဲစက်များ အဝယ်ပုံမှန်ရှိခြင်း အဝင်နည်း ခြင်းကြောင့် ယခင်အပတ်အရည်အသွေး အကောင်းဆုံး ၃တင်းတစ်အိတ် ၁၉၅၀၀၀ကျပ်မှ ၂၀၀၀၀၀ကျပ်ထိ ဈေးမြင့်သွားသည်။ မြေထောက်ပဲမှာလည်း အဝင်ပုံမှန်၊ လုပ်ငန်းသမားအဝယ် ပုံမှန်ရှိခြင်းကြောင့် အရည် အသွေးကွာခြားမှုအပေါ်မူတည်၍ ၃တင်းတစ်အိတ် ၂၆၀၀၀၀ကျပ်မှ ၂၉၀၀၀၀ကျပ် ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်နေသည်။ စားတော်ပဲ(ကျွန်း)မှာ အသစ်ဝင်ရောက်သော်လည်း စားတော်ပဲ (ကနေဒါ) ဈေးမြင့်ခြင်း၊ အရည်အသွေးကွာခြားမှုပေါ်မူတည်၍ ဈေးကွာခြားခြင်း၊ လက်လီသမားအဝယ်များခြင်းတို့ကြောင့် အနိမ့်ဆုံး ၃၃၅၀၀၀ ကျပ်မှ အကောင်းဆုံး ၃၇၅၀၀၀ ထိ ဈေးမသိမသာမြင့်သွားသည်။ ပဲကြီး(ကြီး/သေး)၊ ထောပတ်ပဲ (ကြီး/သေး) တို့မှာ အသစ်များဝင်ရောက်မှုရှိခြင်း၊ လှောင်သမားအဝယ် ပုံမှန်ရှိခြင်းကြောင့် ပဲကြီး(ကြီး)နှင့် ထောပတ်ပဲ(ကြီး)တို့မှာ ပဲကြီး(ကြီး) ၂၇၀၀၀၀ ကျပ်၊ ထောပတ်ပဲ(ကြီး) ၃၂၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ပဲကြီး(သေး) မှာ လက်လီသမား အရောင်းအဝယ်အေး၍ ၃တင်း တစ် အိတ်၂၂၀၀၀၀ကျပ်မှ ၂၁၀၀၀၀ကျပ်သို့ ဈေးမသိမသာနိမ့်သွားပြီး ထောပတ်ပဲ(သေး)မှာ လက်လီသမားအဝယ် များခြင်း ကြောင့် ယခင်အပတ် ၃တင်းတစ်အိတ် ၂၄၅၀၀၀ကျပ်မှ ၂၆၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။

## ဟင်းသီး/ ရွက်နှင့် သစ်သီးဝလံ

ခရမ်းချဉ်(တရုတ်(တိုင်ပေ)) အဝင်များခြင်းကြောင့် တစ်ပိဿာ ၆၀၀ ကျပ်ထိ ဈေးနိမ့်သွာသည်။ မုံရွာ၊ ချောင်းဦးဘက်မှ ငရုတ်စို(ရှည်နှင့်လတ်)များ အဝင်များခြင်း၊ နယ်ဝေးတင်ပို့ရမှုမရှိဘဲ မြို့တွင်းလုပ်ငန်းသုံးသာရှိခြင်းကြောင့် ငရုတ်စို(ရှည်) တစ်ပိဿာ ၂၅၀၀ကျပ်၊ လတ် ၃၅၀၀ကျပ်သို့ ဈေးနိမ့်နေသည်။ မန္တလေးဝန်းကျင် မြေပြန့်ဒေသနှင့် ပြင်ဦးလွင်တို့မှ ပန်းမုံလာ၊ ဂေါ်ဖီများ အဝင်များခြင်းကြောင့် ပန်းမုံလာတစ်ပွင့် ၁၀၀၀ကျပ်၊ ဂေါ်ဖီ တစ် ထုပ် ၈၀၀ကျပ်၊ ဘိုစားပဲသီး တစ်ပိဿာ ၃၀၀၀ကျပ်၊ ဂေါ်ရခါးသီး ၁၀လုံး ၃၀၀၀ကျပ်၊ ပြောင်းဖူး ၁၀၀ဖူး ၄၀၀၀၀ကျပ်တို့ဖြင့် မြို့တွင်းသုံးနှင့် စားသောက်ဆိုင်များဝယ်ယူမှု ပုံမှန်ရှိသည်။ ကျောက်ဆည် ချောင်းဦးဘက်မှ သခွားမွှေးတစ်လုံး ၄၀၀၀ကျပ်၊ ရွှေသခွား အရည်အသွေးပေါ်မူတည်၍ တစ်လုံး ၁၀၀၀ကျပ်မှ ၃၅၀၀ကျပ်၊ တံတားဦးဘက်မှ သဘော်သီး၁လုံး ၃၅၀၀ကျပ်၊ ၂လုံးထုပ် ၂၇၀၀ကျပ်၊ ရမည်းသင်းစပျစ်တစ်ပိဿာ ၁၀၀၀၀ကျပ်၊ အော်ဂင်လိမ္မော်သီး ၁၀ပိဿာ တစ်ခြင်း ၁၁၀၀၀၀ကျပ်၊ ပန်းသီးအရည်အသွေးပေါ်မူတည်၍ ၁၀၀လုံး ပါကင်ဖာ ၁၂၀၀၀၀ကျပ်၊ ၇၀လုံးပါ ၁၀၀၀၀၀ ကျပ်ဖြင့် ရောင်းဝယ်နေသည်။ သစ်သီးမျိုးစုံကို ရွှေကူ၊ မြဝတီ၊ ရွှေဘို၊ လားရှိုး၊ မုံရွာ၊ မူဆယ်စသော အမှာရှိသောမြို့များသို့ တင်ပို့မှုရှိသည်။

စာ-၉ သို့

## သဘာဝကပေးအစာနှင့်ဆေး



# ပျဉ်းတော်သိမ်

ပျဉ်းတော်သိမ်ပင်ကို ဆီသတ်ရွက်ပင်၊ မာဆလာရွက်ပင်ဟုလည်း ခေါ်ဆိုကြပြီး ယင်း၏အင်္ဂလိပ်အမည်မှာ Curry plant ဟု ခေါ်ဆိုကြသကဲ့သို့ sweet neem ဟုလည်းခေါ်ဆိုကြ၏။ ရုက္ခဗေဒအမည်မှာ Clausena excavata Burm. f., Bergera koenigii L. ဟု ခေါ်ဆိုသကဲ့သို့ Murraya koenigii ဟုလည်း ခေါ်ဆိုကာ ရှောက်ပင်မျိုးရင်းဝင် Rutaceae တွင်ပါဝင်၏။ မူလဖြစ်ထွန်းရာဒေသမှာ အိန္ဒိယတိုက်ငယ်မှ ဖြစ်ပြီး ဟိမဝန္တာတောင်တန်းဒေသမှလွဲပြီး အိန္ဒိယနိုင်ငံတစ်လွှားရှိ သစ်တောဧရိယာများနှင့် စွန့်ပစ်မြေများတွင်လည်းကောင်း၊ ပါကစ္စတန်၊ သီရိလင်္ကာနှင့် အန်ဒမန်ကျွန်းများ ကဲ့ သို့ ဒေ သ များ တွ င် လ ည်း သဘာဝအလျောက် ဖြစ်ထွန်းပေါက်ရောက်ခဲ့၏။ ယခုနောက်ပိုင်းတွင် အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသများ အထူးသဖြင့် မြန်မာ၊ တရုတ်၊ ဩစတြေးလျ၊ ပစိဖိတ်ကျွန်းနိုင်ငံများ၊ မလေးရှား၊ လာအို၊ ဗီယက်နမ်၊ ထိုင်း၊ တောင်အာဖရိကနိုင်ငံများတွင် ပျံ့နှံ့ရှင်သန် စိုက်ပျိုးလာ ကြ၏။

ပျဉ်းတော်သိမ်ပင်သည် အပင်ငယ်မျိုးဖြစ်ပြီး အမြင့် ၁၀ ပေဝန်းကျင်ခန့်အထိ ရှင်သန်ကြီးထွားနိုင်သည့် အပင်မျိုးဖြစ်ပြီး အာရှနိုင်ငံအများစုတွင်အလေ့ကျပေါက် ရောက်သည့် သဘာဝပေါက်ပင် တစ်မျိုးဖြစ်၏။ အညိုဖျော့ ရောင်ပင်စည်မှကိုင်းများ ဖြာထွက်လေ့ရှိ၏။ အရွက်မှာ ရွက်ပေါင်းဖြစ်ပြီး ရွက်လွှဲထွက်ကာ အလျား ၈ လက်မခန့်ထိ ရှည်၏။ ရွက်မြွာများမှာ ၁၅ ရွက်ခန့်ရှိပြီး အချို့မှာ ရွက်ဆိုင်ထွက်ပြီး အချို့မှာ ရွက်လွှဲထွက်၏။ လုံ့စွပ်ပုံသဏ္ဌာန်ရှိကာ ရွက်ရင်းရွဲ့စောင်းပြီး အနည်းငယ် ဝိုင်းကာ ရွက်ဖျားသွယ်၏။ ရွက်ညှာတို၏။ ရွက်ပြားချောပြီး ရွက်နားတွင် မထင်ရှား သော ခွေးသွားစိပ်လေးများရှိ၏။ရွက်လယ်ကြောထင်ရှား၏။ အရွက်နုစဉ် အညိုရောင်ရှိပြီး အရွက်ရင့်လာသည့်အခါ အစိမ်းရောင်ပြောင်းသွား၏။ အရွက်၏မွှေးကြိုင်သောရနံ့ကြောင့် စားဖိုဆောင်ဟင်းခပ်အမွှေးအကြိုင်အဖြစ် အသုံးများကြ၏။ အပွင့်မှာ အဖြူရောင်ဖြစ်ပြီး တန်ခူး၊ ကဆုန်လများတွင် ပွင့်လေ့ရှိ၏။ အသီးမှာ လုံးဝိုင်းပြီး ပန်းရောင်နှင့် အဖြူရောင်ပေါ်တွင် အမည်းစက်လေးများ ပါရှိ၏။ ပျဉ်းတော်သိမ်ပင်ကို မြန်မာနိုင်ငံအောက်ပိုင်းဒေသရှိ နေရာအများအပြားတွင် ဖြစ်ထွန်းပေါက်ရောက်သည်ကို တွေ့ရှိနိုင်၏။ အချို့သောဒေသများတွင် အလေ့ကျမဟုတ်ဘဲ အသီးကိုပျိုး၍ စိုက်ပျိုးနိုင်ပြီး တစ်နှစ်ပတ်လုံးဖြစ်ထွန်း သော အပင်မျိုးဖြစ်၏။ ပျဉ်းတော်သိမ်ပင်ဟု အမည်နာမဖြစ်ပေါ်လာပုံမှာ ရှေးမြန်မာဘုရင်များ လက်ထက် မင်းညီမင်းသားများ အရက်သောက်ပြီး အသည်းကျွမ်း၍ ရေဖျဉ်းရောဂါစွဲကပ်ချိန်တွင် နန်းတွင်းသမားတော်များက ပျဉ်းတော်သိမ်ပင်ကို ဆေးအဖြစ်အသုံးပြုကုသခဲ့ကြ၏။ ကုသရင်း ရေဖျဉ်းတော်သိမ်သွားရာမှ ကာလရွေ့လျားလာသည့်အခါ ပျဉ်းတော်သိမ်ဟုနာမည်တွင်ကျန်ခဲ့သည်ဆို၏။

ပျဉ်းတော်သိမ်ရွက် ၁၀၀ ဂရမ်တွင် အစာစွမ်းအင် ၉၇ ကယ်လိုရီပါဝင်ပြီး ကာဘိုဟိုက်ဒရိတ်၊ အမျှင်ဓာတ်၊ ပရိုတင်း၊ အဆီ၊ ကယ်လ်စီယမ်၊ ဖော့စ်ဖရပ်စ်၊ အိုင်းယွန်း၊ ပိုတက်စီယမ်၊ မဂ္ဂနီစီယမ်၊ ဗီတာမင်အေ၊ ဗီတာမင် စီတို့ ကြွယ်ဝစွာပါဝင်၏။ ထို့အပြင် ဗီတာမင် ဘီကွန်ပလက်အနေဖြင့် သိုင်ယာမင်၊ နိုင်ရာစင်၊ ပိုင်ရီဒေါစင်၊ ပင်တိုသဲနစ် အက်စစ်နှင့် ရီဘိုဖလာဗင်တို့လည်း ကြွယ်ဝစွာပါဝင်၏။ အခြားသောသတ္တုဓာတ်များအနေဖြင့် ကော့ပါး၊ ဇင့်၊ ဆီလီနီယမ်တို့လည်း ပါဝင်၏။

- ဗီတာမင်အေနှင့် ဘီတာကယ်ရိုတင်းကြွယ်ဝစွာပါဝင်သည့်ပျဉ်းတော်သိမ်ရွက်သည် အမြင်အာရုံကောင်းမွန်စေခြင်းနှင့်မျက်လုံး ကျန်းမာရေးအထောက်အကူပြုနိုင်စွမ်းရှိ၏။
- သွေးအတွင်းရှိ သကြားဓာတ်ပမာဏကို လျော့နည်းစေနိုင်စွမ်းရှိသည့် ပျဉ်းတော်သိမ်ရွက်သည် ဆီးချိုရောဂါ ဝေဒနာရှင်များအတွက် အကောင်းဆုံးသော သဘာဝကုထုံးတစ်လက်ဖြစ်စေ၏။
- ပျဉ်းတော်သိမ်ရွက်သည် သွေးအတွင်းရှိ မကောင်းသော ကိုလက်စထရောပမာဏကို လျော့ကျစေရန် အထောက်အကူပြုပြီး ကိုလက်စထရောများဓာတ်တိုးခြင်းမှလည်း ကာကွယ်ပေးနိုင်စွမ်းရှိ၏။
- ပရိုတင်းနှင့် ဘီတာကယ်ရိုတင်းတို့ကြွယ်ဝစွာပါဝင်သည့် ပျဉ်းတော်သိမ်ရွက်သည် ဆံကေသာ ကျန်းမာသန်စွမ်းခြင်းကို အားပေးပြီး ဆံပင်ကျွတ်ခြင်းကို လျော့နည်းစေ၏။
- ပျဉ်းတော်သိမ်ရွက်သည် အစာခြေဖျက်နိုင်သည့်အင်ဇိုင်းထုတ်လွှတ်မှုကို လှုံ့ဆော်နိုင်ခြင်း၊ အူလမ်းကြောင်း ပုံမှန်လှုပ်ရှားမှုကို မြှင့်တင်ပေးနိုင်စွမ်း၊ အူလမ်းကြောင်းရှိ သန်ကောင်များကို ဖယ်ရှားရာတွင် အထောက် အကူပေးနိုင်စွမ်းရှိ၏။
- ပျဉ်းတော်သိမ်ရွက်တွင် ရောင်ရမ်းနာကျင်ခြင်းကို ဆန့်ကျင်နိုင်စွမ်းရှိသည့်အတွက် အဆစ်အမြစ်ရောင်နာ ဝေဒနာရှင်များနှင့် ကိုယ်လက်ရောင်ရမ်းနာဝေဒနာရှင်များအတွက် သင့်လျော်လှသည့် သဘာဝဆေးတစ်လက် ဖြစ်၏။
- အာဟာရဓာတ်ပေါင်းစုံကြွယ်ဝစွာပါဝင်သည့် ပျဉ်းတော်သိမ်ရွက်သည် ကိုယ်ခံစွမ်းအားစနစ်ကို မြှင့်တင်ပေးရာတွင် အထောက်အပံ့ဖြစ်စေ၏။
- လေ့လာဆန်းစစ်မှုများအရ ပျဉ်းတော်သိမ်ရွက်သည် ကျောက်ကပ်ကျန်းမာရေးအတွက်လည်း အကျိုးကျေးဇူးကောင်းများစွာကို ပေးစွမ်းနိုင်သည်ဆို၏။
- ပျဉ်းတော်သိမ်ရွက်တွင် ဆဲလ်များဗီဇပြောင်းလဲနိုင်ခြင်းကို ဆန့်ကျင်နိုင်စွမ်းရှိသည့်အတွက် ကျွန်ုပ်တို့၏ခန္ဓာကိုယ်ကို ကင်ဆာရောဂါများဖြစ်ပွားနိုင်ခြေမှ ကာကွယ်ပေး၏။
- ပျဉ်းတော်သိမ်ရွက်သည် နာကျင်မှုကို သက်သာစေနိုင်စွမ်းရှိသည့် အတွက် အကိုက်အခဲပျောက်ဆေးအဖြစ် ရှေးယခင် ကတည်းက အသုံးပြုခဲ့ကြ၏။
- အစောပိုင်းလေ့လာမှုများအရ ပျဉ်းတော်သိမ်ရွက်သည် အယ်လ်ဇိုင်းမားရောဂါကို အမှန်တကယ်ကာကွယ် နိုင်သည်ဟု အကြံပြုထား၏။

အိမ်တိုင်း၏ စားဖိုဆောင်တွင် ပျဉ်းတော်သိမ်ရွက်ကို ဟင်းလျာများ စီမံချက်ပြုတ်သည့်အခါတိုင်း ဟင်းခတ်အမွှေးအကြိုင်အဖြစ် ထည့်သွင်းအသုံးပြုလေ့ရှိတတ်ကြ၏။

- အသား၊ ငါးဟင်းများ၊ သီးစုံပဲဟင်းများ ချက်သည့်အခါ ပျဉ်းတော်သိမ်ရွက်ကို ဆီသတ်ပြီး ထည့်ချက်ခြင်းဖြင့် ဟင်းလျာများ၏ အနံ့အရသာကို ပိုကောင်းစေပြီး ထမင်းမြိန်စေ၏။
- မြေပဲ၊ ဆန်လုံးစီ၊ အသားတုံး၊ အာလူး၊ တို့ဟူးခြောက်၊ ဗယာကြော်အစရှိသည့် သတ်သတ်လွတ်ဟင်းလျာ အခြောက်အကြွပ်ကြော်များထဲတွင်လည်း ပျဉ်းတော်သိမ်ရွက်ကို ထည့်ကြော်ပေးခြင်းဖြင့်ပိုမိုဆွဲဆောင်မှု ရှိပြီး နှုတ်မြိန်စေ၏။
- ပျဉ်းတော်သိမ်ရွက်အနည်းငယ်ကို ချင်း၊ ကြက်သွန်ဖြူ၊ မန်ကျည်းမှည့်၊ ငရုတ်သီးနှင့် ဆားတို့နှင့်အတူ ရောကြိတ်၍ အနှစ်ကို ထမင်းဖြူနှင့်စားသုံးပါက ခံတွင်းကို မြိန်စေ၏။

- ပျဉ်းတော်သိမ်ရွက်နုလေးများကို ငပိရည်ကျို၊ ခရမ်းချဉ်သီးနှင့် ငါးခြောက်ချက်၊ ခရမ်းချဉ်သီးငါးပိချက်၊ ငါးပိထောင်း သံပရာရည်ဆမ်းတို့နှင့် အတူတွဲဖက်ပြီး တို့စရာအဖြစ် စားသုံးနိုင်၏။

- ကြက်ရိုးပြုတ်ရည်၊ ငါးမီးအုံးဟင်းခါး၊ ငါးကျည်းကျပ်တိုက်ဟင်းခါး



တို့တွင်လည်း ပျဉ်းတော်သိမ်ရွက်ကိုခပ်ကာ အရည်သောက်ဟင်းခါးအဖြစ်လည်း ချက်သောက်နိုင်၏။

- ပျဉ်းတော်သိမ်ရွက်ကလေးများကို အခြောက်လှန်းပြီး ရေနွေးကြမ်းအဖြစ် ပြုလုပ်သောက်သုံးနိုင်၏။

သဘာဝတရားမှပေးသည့် လက်ဆောင်မွန် ပျဉ်းတော်သိမ်ပင်၏ အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ရာသီချိန်ခါနှင့်အညီ ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။

ကြေးမုံငယ်

ကြေးမုံငယ်

ကျောဖုံးမှ-

လွယ်ကူကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံတွင် မွေးမြူတောင်သူများအနေဖြင့် သိုး/ဆိတ်မျိုးများ ရရှိနိုင်မှု အားသာချက်များမှာ အရည်အသွေးကောင်းမွန်ပြီး ဒေသရာသီဥတု၊ သဘာဝပေါက်ပင်များနှင့် အသားကျပြီးသော ဒေသမျိုးရင်းများ အလွယ်တကူရရှိနိုင်ခြင်း၊ ဒေသနှင့် သင့်လျော်သော နိုင်ငံခြားမျိုးများ ဝယ်ယူရရှိနိုင်ခြင်းအပြင် ဆိတ်မွေထုံမွေးသားစပ်လုပ်ငန်းများကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် ဆိတ်မျိုးရည်ခဲချောင်းထုတ်လုပ်ရေး၊ နည်းပညာဖြန့်ဝေရေးနှင့် မြေပြင်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်နိုင်ရေး လုပ်ငန်းများအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။

## အစာကျွေးမွေးခြင်းနည်းစနစ်

အစာစားသုံးမှုအနေဖြင့် သိုး/ဆိတ်များမှာ အစာအိမ်အခန်း ၄ ခန်းပါသော စားမြုံ့ပြန်သတ္တဝါများဖြစ်ပြီး အခြားတိရစ္ဆာန်များ မစားသော အသီးအရွက်အတော်များများအား စားနိုင်ကြပါသည်။ ဒီး၊ ဒီးခလောက်၊ ခံပင်၊ ဇင့်နီ၊ ဘောစကိုင်း၊ မြေစာမြက်၊ မန်ကျည်းရွက်၊ တမာ၊ ရှားရွက်၊ ကုက္ကိုရွက်၊ ထနောင်းရွက်၊ ဝါးရွက်၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ ပဲစဉ်းငုံ၊ ပဲမျိုးစုံအရွက်များ၊ အဝေရာရွက်၊ အဝေရာသီး၊ မယ်ဇလီ၊ မြင်းခွာရွက်၊ အခြားအသီးအစေ့အဆံများ အားကြိုက်နှစ်သက်ကြပါသည်။ ဖြည့်စွက်စာအနေနှင့် ပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ကြိတ်ဖတ်၊ ဆန်ကွဲ၊ ဖွဲနု၊ ကုလားပဲခွဲ၊ ပဲမျိုးစုံခွဲ၊ နေကြာစေ့ဖတ်စသည်ဖြင့် မိမိတို့လက်လှမ်းမီရာ ကျွေးမွေးနိုင်ပါသည်။ ဖြည့်စွက်စာအား မတူညီသော အစာအမယ်အမျိုးမျိုးကို စနစ်တကျရောစပ်၍ ကျွေးရန် လိုအပ်ပါသည်။ အစာတွင် အိမ်သုံးဆား ထည့်ကျွေးခြင်း၊ သတ္တုဓာတ်များပြည့်စုံစေရန် ယူရီးယားသကာတုံးကဲ့သို့သော ဓာတ်ဆားခဲတုံးများအား လျှာဖြင့်လျက်၍ စားနိုင်ရန် ချိတ်ဆွဲပေးထားခြင်းများ ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ သို့မှသာ ၎င်းတို့၏ နေ့စဉ်ဘဝဖြတ်သန်းမှုနှင့် သားမွေးခြင်းကိစ္စများအတွက် အာဟာရပြည့်ဝ၍ ကျန်းမာသန်စွမ်းမည်ဖြစ်ပါသည်။ အစာကျွေးမွေးရာတွင် အသက်အရွယ်နှင့် ခန္ဓာကိုယ်အလေးချိန်အရွယ်အစားပေါ် မူတည်၍ ကျွေးရပြီး ပုံမှန်အားဖြင့် ခန္ဓာကိုယ်အလေးချိန်၏ (၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်း) အထိ အစာစားကြ၍ လုံလောက်အောင် တွက်ချက်ကျွေးရန် လိုအပ်ပါသည်။ ကိုယ်ဝန်ဆောင်ဆိတ်မများ၊ နို့တိုက်ဆိတ်မများအတွက် အစာနှင့် ဓာတ်ဆားများ ပိုပြီးလိုအပ်ပါသည်။ လိုအပ်သောစွမ်းအင်ဓာတ်၊ အသားဓာတ်နှင့် သတ္တုဓာတ်များ စုံလင်အောင် အချိုးကျ ရောစပ်ကျွေးရန်လိုအပ်ပါသည်။ ဖြည့်စွက်စာအတွက် အစာစပ်ခြင်းအား ဖော်ပြပါအတိုင်း နမူနာတွက်ချက်ကျွေးမွေးနိုင်ပါသည်။

| အမျိုးအမည် | စပ်စာ(၁) | စပ်စာ(၂) | စပ်စာ(၃) | စပ်စာ(၄) |
|---|---|---|---|---|
| ကုလားပဲခွဲ | ၅၀ % | ၂၇ % | | ၁၀ % |
| ဒီးဖတ် | | | | ၄၀ % |
| ပြောင်းမှုန့် | ၂၅ % | ၁၅ % | ၁၄ % | |
| ပဲဖတ် | ၁၀ % | | | |
| နှမ်းဖတ် | ၁၅ % | | | |
| ဆန်ကွဲ | | ၁၂ % | ၂၀ % | |
| ဖွဲနု | | ၁၄ % | ၃၃ % | ၂၀ % |
| ဝါကြိတ်ဖတ် | | ၃၂ % | | ၃၀ % |
| ပဲပုတ်ဖတ် | | | ၃၃ % | |
| | ၁၀၀ % | ၁၀၀ % | ၁၀၀ % | ၁၀၀ % |

မှတ်ချက်။ မိမိဒေသအလိုက် ဈေးနှုန်းသင့်၍ ပေါများသော ကုန်ကြမ်းများအား အသုံးပြုနိုင်ပါသည်။

အစာကျွေးမွေးမှုမှာ မွေးမြူသောနည်းစနစ်ပေါ်တွင်လည်း မူတည်ပါသည်။ မြန်မာနိုင်ငံတွင် မွေးမြူနည်းစနစ် ၃ မျိုး တွေ့ရှိရပြီး လွှတ်ကျောင်းစနစ်၊တစ်ဝက်လွှတ်ကျောင်းစနစ်၊ ခြံလှောင်စနစ်တို့ ဖြစ်ကြပါသည်။ လွှတ်ကျောင်းစနစ်တွင် သိုးဆိတ်များအား လွှတ်ကျောင်းခြင်းဖြင့် အစာစားစေပြီး ခြံသို့ပြန်သိမ်းချိန်တွင် ဖြည့်စွက်စာ အနည်းငယ်သာ ကျွေးရန်လိုသောစနစ်ဖြစ်ပါသည်။ လွှတ်ကွင်း၌ အစာပင်ပေါများပါက ဖြည့်စွက်စာကုန်ကျစရိတ် နည်းပါသည်။တစ်ဝက်လွှတ်ကျောင်း စနစ်မှာ အချို့အချိန်တွင် လွှတ်ကွင်းသို့ လွှတ်ခြင်း၊ ခြံသို့ပြန်သွင်းချိန်တွင်အစာကြမ်းနှင့် ဖြည့်စွက်စာအစာနှုကျွေးခြင်းဖြင့်မွေးမြူသောစနစ်ဖြစ်ပါသည်။လွှတ်ကျောင်းစနစ်ထက်စာလျှင် အစာကုန်ကျ မှု ပိုများပါသည်။

ခြံလှောင်မွေးစနစ်မှာ သိုး/ဆိတ်များအား လမ်းလျှောက်ရန် ခြံတွင်းလွှတ်ကွင်းသို့ လွှတ်သည် မှအပ အစာရိတ်သိမ်းကျွေးမွေးခြင်း၊ ဖြည့်စွက်စာကျွေးမွေးခြင်းတို့အားလုံ လောက်စွာ စီမံကျွေးမွေးပြီး ခြံလှောင်မွေးသောစနစ်ဖြစ်ပါသည်။ ထိန်းသိမ်းစောင့်ရှောက်မှု အားသာချက်များရှိပြီး အစာကုန်ကျ မှုနှင့်လုပ်အားစရိတ်များ ပိုမိုကုန်ကျသော စနစ်ဖြစ်ပါသည်။ မည်သည့်စနစ်ဖြင့် မွေးမြူစေကာမူ သန့်ရှင်းလတ်ဆတ်သော သောက်သုံးရေလုံလောက်စွာ ရရှိရန် အတွက် စီမံဆောင်ရွက်ပေးရ ပါသည်။ လုပ်အားအနေဖြင့် သာမန်အခြေအနေတွင် သိုး/ဆိတ် ၃၅ ကောင်မှ ၅၀ ကောင်အတွက် လုပ်သား ၁ ယောက်နှုန်းလိုအပ်ပြီး သောက်သုံးရေအနေဖြင့် တစ်ကောင်လျှင် တစ်ရက် ၁ လီတာ နှုန်းခန့် လိုအပ်ပါသည်။ နေထိုင်စားသောက်ရာတွင် သန့်ရှင်းမှုကို နှစ်သက်ကြပြီး ခုန်ပေါက်ဆော့ ကစားခြင်း၊ သစ်တုံးနှင့် အရာဝတ္ထုများအပေါ် တက်လိုက်ဆင်းလိုက် ဆော့ကစားရခြင်းတို့ကို နှစ်သက်ပါသည်။ ဆော့ကစားနိုင်ရန် စီမံဆောင် ရွက်ပေးထားခြင်းဖြင့်ကျန်းမာရေးပိုမိုကောင်းမွန်ပြီး ထုတ်လုပ်မှုတိုးတက်စေကြောင်း သိရှိရပါသည်။

## မွေးခြံဆောက်လုပ်ခြင်း

အဆောက်အဦအနေဖြင့် သစ်သား၊ ဝါး၊ သက်ကယ်များဖြင့် အဆင်ပြေသလို ဆောက်လုပ်နိုင်ပြီး လေဒဏ်နှင့် မိုးဒဏ်ကာကွယ်နိုင်ပြီး သန့်ရှင်းခြောက်သွေ့ရန် အဓိကလိုအပ်ပါသည်။ အရွယ်အလိုက် ကြမ်းခင်းအကျယ်လိုအပ်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | ဆိတ်အရွယ် | ကြမ်းခင်းအကျယ်လိုအပ်မှု(စတုရန်းပေ) |
|---|---|---|
| ၁ | ဆိတ်ငယ် | ၃ ဒသမ ၃ |
| ၂ | ဆိတ်မ(ဒီးမရှိ) | ၁၄ |
| ၃ | ဆိတ်မ(ဒီးရှိ) | ၁၈ |
| ၄ | ဆိတ်သိုး | ၂၈ |

မှတ်ချက်။ မွေးမြူသောစနစ်ပေါ် မူတည်၍ ပြောင်းလဲနိုင်ပါသည်။

လိုအပ်သောအဆောက်အဦ၊ ကပ်ပါးရောဂါနှင့် အခြားလိုအပ်သော ကာကွယ်ဆေးများ ပုံမှန် ထိုးနှံပေးထားပါက ရောဂါဒဏ်ခံနိုင်ရည်ရှိပြီး အခြားတိရစ္ဆာန်များထက် ရောဂါဖြစ်ပွားမှု နည်းပါးပါသည်။

ဈေးကွက်အားသာချက်အနေဖြင့် သိုး/ဆိတ်မွေးမြူရေးလုပ်ငန်းသည် အခြားသော မွေးမြူရေး လုပ်ငန်းများထက် ပိုမိုအားသာကြောင်း တွေ့ရှိရပါသည်။ တရုတ်၊ ယိုးဒယား၊ မလေးရှားစသော ပြည်ပနိုင်ငံများသို့ တရားဝင်ပို့ဆောင်နိုင်သော ဈေးကွက်ရှိနေခြင်းမှာ အားသာချက်တစ်ခုဖြစ်ပါသည်။ ပြည်တွင်းဈေးကွက်အနေဖြင့်လည်း နို့ခွဲအရွယ် ၃-၄ လသားမှ စတင်၍ ဈေးကွက်ပို့ ဆောင်နိုင်ပြီဖြစ်ပါသည်။ မျိုးလိုင်းမွေးမြူသူ၊ ကဆီ(သင်းကွပ်၍ အသားတိုးမွေးခြင်း) မွေးမြူသူများအနေဖြင့် အရွယ်စုံ ဝယ်ယူမွေးမြူကြသည်ကို တွေ့ရှိရပြီး အသားခြောက်လုပ်ငန်း၊ စားသောက် ကုန် လုပ်ငန်းကဲ့သို့သော တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချလျက်ရှိရာ အသားဈေးကွက် နှင့် မွေးမြူရေးဈေးကွက်များ အနေဖြင့် တစ်နှစ်ပတ်လုံး ဝင်ငွေရရှိနိုင်သော မွေးမြူရေးလုပ်ငန်း တစ်ခုဖြစ်ပါသည်။

## ရောဂါကာကွယ်ထိန်းချုပ်ရေး အစီအမံ

ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်များနှင့်အညီ မွေးမြူကြမည်ဆိုလျှင် ရောဂါ ကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းစဉ်မှာ အောင်မြင်စွာဆောင်ရွက်ပြီးဖြစ်ပါသည်။ ပြည့်စုံစွာ ရှင်းလင်း ရပါမူ ဇီဝလုံခြုံမှုစနစ်အပြည့်အဝဖြင့် မွေးမြူထုတ်လုပ်သော မွေးမြူရေးခြံများအတွက် တိရစ္ဆာန် ကူးစက် ရောဂါ၊ တိရစ္ဆာန်မှလူသို့ကူးစက်စေတတ်သောရောဂါတို့ကို စနစ်တကျ ကာကွယ် ထိန်းချုပ်ရန် လုပ်ငန်းစဉ်များသတ်မှတ်ထားပြီးဖြစ်၍ GAHP လက်မှတ်ရခြံများသည် ရောဂါကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်ကြပါသည်။ လေ့လာသူများ သိရှိနိုင်ရန် သိုးဆိတ်မွေးမြူ ထုတ်လုပ်ရေးခြံများတွင် ကျွမ်းကျင်ပညာရှင်ဖြင့် မဖြစ်မနေ ထိုးနှံ ပေးရမည့် တိရစ္ဆာန် ကူးစက် ရောဂါ ကာကွယ်ဆေးများကို ဖော်ပြလိုပါသည်။

(က) ခွါနာလျှာနာရောဂါ ကာကွယ်ဆေး

(ခ) ဒေါင့်သန်းရောဂါ ကာကွယ်ဆေး

## တန်ဖိုးမြင့်ဈေးကွက်ပို့ဆောင်ခြင်း

သတ်မှတ်GAHPများအတိုင်း လိုက်နာဆောင်ရွက်သူတိုင်းအတွက် ပြည်တွင်းပြည်ပဈေးကွက် ရရှိရေးအတွက် ဌာနမှ ထုတ်ကုန်ဆိုင်ရာ စံချိန်စံညွှန်းများကို ထုတ်ပြန်ဆောင်ရွက်ထားရှိပါသည်။

စာ-၉ သို့

အောင်သက်စိုး(သဖန်း)

# အသားတိုးမြှင့်ထုတ်လုပ်ဖို့ ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်နှင့်အညီမွေးမြူစို့

## မွေးလို့ရတဲ့ရွှေ(သို့မဟုတ်)သိုး/ဆိတ်မွေးမြူရေး


ထိန်စမ်း


ချိတ်နီ


ဝေသာလီ

သိုး ဆိတ်မွေးမြူရေးအားလွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀၀ ခန့်ကပင် စတင်ဆောင်ရွက်ခဲ့ကြပြီး လူသားတို့ မွေးမြူသည့်တိရစ္ဆာန်များထဲမှ ရှေးအကျဆုံးတိရစ္ဆာန်များထဲတွင် တစ်မျိုးအပါအဝင် ဖြစ်သည်။ ပြောင်းလဲတိုးတက်လာသည်နှင့်အမျှ သိုး/ဆိတ်မွေးမြူရေးသည် လူသားများအတွက် အသားနှင့်နို့ ရရှိမှုသာမက အမွေးနှင့်သားရေမှ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများစွာအတွက် အသုံးဝင်သောမွေးမြူရေးလုပ်ငန်းတစ်ခု ဖြစ်လာပါသည်။ ကမ္ဘာ့ရေမြေရာသီဥတုသဘာဝများအရ မျိုးရိုးပုံပန်းသဏ္ဌာန်နှင့် အရည်အသွေးများ ကွဲပြားကြပါသည်။ မှတ်တမ်းတင်မှုများအရ ကမ္ဘာပေါ်တွင် သိုး/ဆိတ်မျိုးပေါင်း ၃၀၀ ကျော်ရှိပြီးအုပ်စုအားဖြင့် အသားတိုးဆိတ်၊ နို့စားဆိတ်နှင့် အမွေးအမျှင်ရရှိရန် ရည်ရွယ်မွေးမြူသော ဆိတ်မျိုးဟူ၍ အုပ်စု ၃ စု ခွဲခြားနိုင်ပါသည်။ မူလ တောရိုင်းသိုး/ဆိတ်များအား ဖမ်းယူ၍ ယဉ်ပါးအောင်မွေးမြူကြခြင်းဖြင့် ထိန်းကျောင်းမွေးမြူခြင်း အလေ့အထများ စတင်ခဲ့ကြပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိမွေးမြူဖြစ်ထွန်းနေသော ဆိတ်မျိုးများမှာ ရှေးယခင်ကာလ နိုင်ငံ အချင်းချင်း၊ ဒေသအချင်းချင်း ကုန်စည်ကူးသန်းရောင်းဝယ်ကြရာမှအစပြုခဲ့ကြောင်း သိရှိရပါသည်။ ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့်ရက်ပေါင်းများစွာ ခရီးသွားကုန်သွယ်ကြရာ ခရီးကာလအတွင်းလမ်းခရီး၌ အသား၊ နို့နှင့် ဥများရရှိနိုင်ရန် သိုး/ဆိတ်နှင့် အခြားတိရစ္ဆာန်များအား ခရီးသွားရင်း သယ်ဆောင်သွားကြသော အလေ့အထများ ရှိခဲ့ပါသည်။ ထို့မှတစ်ဆင့် ဒေသတစ်ခုမှ တစ်ခုသို့ ရောက်ရှိပျံ့နှံ့ရာမှ မြန်မာနိုင်ငံသို့ ရောက်ရှိပြီး မွေးမြူခဲ့ကြရာ အချိန်ကာလကြာမြင့်လာပြီး ရေမြေရာသီဥတုနှင့် အသားကျသင့်လျော်သော မျိုးများ ကျန်ရှိဖြစ်ထွန်းခဲ့ရာ ယနေ့ထိတိုင် ဒေသမျိုးရင်းများအဖြစ် မွေးမြူဖြစ်ထွန်းလျက်ရှိကြောင်း သိရှိရပါသည်။

### မြန်မာနိုင်ငံတွင် ဖြစ်ထွန်းသော သိုးနှင့်ဆိတ်မျိုးများ

မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူမှု၊ ၂၀၂၃ ခုနှစ် စာရင်း ကောက်ယူမှုနှင့် လက်ရှိမြေပြင်စာရင်းများအရ သိုး/ဆိတ်ကောင်ရေ ၂ သန်းခွဲခန့်ရှိပြီး အသားကဏ္ဍ ဖူလုံရေးနှင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် တန်ဖိုးကြီးသည့် အရင်းအမြစ်များ ဖြစ်ပါသည်။ အဓိကအားဖြင့် ဒေသမျိုးရင်းဆိတ်များဖြစ်သော ထိန်စမ်း၊ ချိတ်နီနှင့် ဝေသာလီမျိုးများ ဖြစ်ကြပါသည်။ ပြည်ပမှတင်သွင်းမွေးမြူသောဆိတ်မျိုးများမှာ ဘိုဝါအသားတိုးဆိတ်မျိုးနှင့် ဆာနန်နို့စား ဆိတ်မျိုးများ ဖြစ်ကြသည်။

ထိန်စမ်းဆိတ်မျိုးမှာ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ် ထိန်စမ်းရွာမှ စတင်အောင်မြင် ပြန့်ပွားသောဆိတ်မျိုးဖြစ်ပြီး ပုပ္ပားနယ်တစ်ဝိုက်၊ ချောက်၊ မြိုင်၊ နတ်မောက်မြို့နယ်တို့တွင် အဓိကတွေ့ရှိရပြီး ဒေသအတော်များများတွင် မွေးမြူဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကိုယ်လုံးဖြူ၊ ဦးခေါင်းမဲ၊ နှာခေါင်းပိုင်းအမွေးဖြူတတ်ပြီး အများအားဖြင့် မုတ်ဆိတ်ပါသည်။ နားရွက်ရှည်ကာမျက်နှာခုံးပြီး ဦးချိုနောက်ဘက်လန်ပြီး ကွေးနေတတ်သည်။ သာမန်အားဖြင့်အရွယ်ရောက်ပြီးသော ဆိတ်ထီးသည် ကိုယ်အလေးချိန် ၅၀ ကီလိုနှင့် အမသည် ၃၀ ကီလိုခန့်ရှိပါသည်။

ဒေသမျိုးရင်းဆိတ်ဂျိတ်နီမျိုးမှာ မန္တလေးတိုင်းဒေသကြီး၊ တံတားဦး၊ စဉ့်ကိုင်၊ ကျောက်ဆည်နယ်တစ်ဝိုက်တွင် မွေးမြူဖြစ်ထွန်းလျက်ရှိသည်ကိုအများဆုံးတွေ့ရှိရပါသည်။နီညိုရောင်၊ အနီခွံရောင်နှင့် မန်ကျည်းစေ့ရောင်ရှိပြီး အရွယ်ရောက်ပြီးသော ဆိတ်ထီးမှာ ကိုယ်အလေးချိန် ၅၀ ကီလိုခန့်နှင့် အမမှာ ၄၀ ကီလိုခန့် ရှိနိုင်ပြီး အရပ်အမောင်းကောင်းကြပါသည်။ အရောင်နှင့် ပုံပန်းသဏ္ဌာန်မှာ နှစ်လိုဖွယ်ရှိပြီး ဒေသရာသီဥတုနှင့် အစာကြမ်းဒဏ်အား ခံနိုင်ရည်ရှိကြသည်။

ဝေသာလီဆိတ်မျိုးအား မကွေးတိုင်းဒေသကြီး၊ ပခုက္ကူ၊ ရေစကြို၊ ပေါက်၊ မြိုင်မြို့နယ် တစ်ဝိုက်တို့တွင် အဓိကတွေ့ရပါသည်။ အဖြူရောင်၊ အနက်ရောင်နှင့် အညိုရောင်၊ အဖြူနှင့်အနက်ကျားအရောင်များ တွေ့ရပါသည်။ အရပ်အမောင်း ကောင်းပြီး အရွယ်ရောက် အထီးသည် ကိုယ်အလေးချိန် ၄၀ ကီလိုခန့်နှင့် အမသည် ၃၀ ကီလိုခန့် ရှိတတ်ပါသည်။

အသားတိုးဆိတ်ဘိုဝါမျိုးမှာ တောင်အာဖရိကမျိုးရင်းဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း အောင်မြင်ဖြစ်ထွန်းကြောင်းတွေ့ရှိရပါသည်။ အသားတိုးနှုန်းနှင့် အသားအရည်အသွေး ကောင်းပြီး သားပေါက်နှုန်းကောင်းပါသည်။ ခန္ဓာကိုယ်အဖြူနှင့် ဦးခေါင်းနီညိုရောင်ရှိပါသည်။ ဦးချိုမှာ အနောက်ဘက်နှင့် အောက်ဘက်ကို ကွေးဆင်းပြီး မျက်နှာအခုံးနှင့် လိုက်ဖက်တင့်တယ်သည်။ သန်မာ၍ အချိုးကျသော ခြေလက်များရှိပြီး အထီးသည် ကိုယ်အလေးချိန် ၁၆၀ ကီလိုနှင့် အမသည် ၁၁၀ ကီလိုအထိ ကြီးထွားနိုင်ကြပါသည်။ မြန်မာနိုင်ငံတွင် လတ်တလော မွေးမြူကောင်ရေ နည်းပါးသေးသော်လည်း ရေမြေရာသီဥတုနှင့် သင့်လျော်၍ ဖြစ်ထွန်းမှု အလားအလာ ကောင်းသော အသားတိုးဆိတ်မျိုး ဖြစ်ပါသည်။


ဘိုဝါ


ဆာနန်

ဆာနန်နို့စားဆိတ်မျိုးမှာ နို့ရရှိရန်အတွက် အဓိကရည်ရွယ် မွေးမြူကြပြီး အဖြူရောင်နှင့် နို့နှစ်ရောင် ရှိတတ်ပါသည်။ အရွယ်ရောက်ပြီး အထီးသည် ကိုယ်အလေးချိန် ၇၀ ကီလိုနှင့် အမသည် ၅၀ ကီလိုခန့် ရှိနိုင်ပြီး အရွယ်အစားကြီးသကဲ့သို့ နို့ထွက်နှုန်းနှင့် နို့အရည်အသွေး ကောင်းမွန်ကြပါသည်။ နို့အုံနှင့် ခန္ဓာကိုယ်ပုံစံ အချိုးကျနပြီး ပြေပြစ်လှပပါသည်။ ဦးခေါင်း သေးပါသည်။ နားရွက်များမှာ ချွန်၍ထောင်ပြီး အရွယ်အစားသေးသည်။

သိုးမွေးမြူရေးတွင်လည်း ဒေသသိုးမျိုးကိုသာ အဓိကမွေးကြပါသည်။ ခန္ဓာကိုယ် အဖြူရောင် ရှိပြီး ဦးခေါင်းဝါနှင့် အမြီးမှာ တံခေါက်ကွေးအောက်အထိရှည်သော ခေါင်းဝါမျိုး (ကုလားသိုးဟု လည်း ခေါ်ကြသည်) အား အဓိကမွေးမြူကြပြီး ဦးခေါင်းမည်းအမြီးတိုမျိုးများထက် ကြီးထွားနှုန်း ပိုမို ကောင်းမွန်ကြပါသည်။ အသားနှင့် သိုးမွေးရရှိရေးအတွက်ရော အဓိကရည်ရွယ် မွေးမြူခဲ့ကြပါသည်။ ယခုအချိန်တွင် သိုးမွေး ဈေးကွက် အခက်အခဲအရ အသားအတွက်သာ အဓိကထား မွေးမြူကြကြောင်း တွေ့ရှိရပါသည်။ သိုးများမှာ ဆိတ်နှင့် အခြားသတ္တဝါများထက် အုပ်စုဖွဲ့ နေထိုင်တတ်ခြင်း၊ အစာကြမ်းဒဏ်ပိုမိုခံနိုင်ခြင်းများကြောင့် ထိန်းကျောင်းမွေးမြူရန်

စာ-၁၅ သို့